ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ကျောင်းသုံးစာအုပ်

# သမိုင်း

## ဆဋ္ဌမတန်း



၂၀၁၉- ၂၀၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

ကျောင်းသုံးစာအုပ်

# သမိုင်း

## ဆဋ္ဌမတန်း

နိုင်ငံတော်မှ အခမဲ့ ထောက်ပံ့ပေးပါသည်။
အခြေခံပညာ သင်ရိုးညွှန်းတမ်း
သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ
၂၀၁၉-၂၀၂၀

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ – ၁၆၉၁၉၃၂

၂၀၁၉–၂၀၂၀ ပညာသင်နှစ်

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

အလုပ်အမိန့်အမှတ် – /၁၉ ဖြင့်
မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း
( )ပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

## ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအတန်းတွင် သမိုင်းဘာသာရပ်အကြောင်းနှင့် ယင်းဘာသာရပ်ကို လက်တွေ့ဘဝတွင် အသုံးချပုံများကို ပိုမိုနားလည်နိုင်စေမည့် အသိပညာ၊ ကျွမ်းကျင်မှုအသစ်များ ဖွံ့ဖြိုးလာရန် ဆရာ၊ အတန်းဖော်များနှင့်အတူ အဖွဲ့လိုက်လုပ်ငန်းများ လုပ်ဆောင်သင်ယူမည်။ ထို့အပြင် ပြဿနာအခက်အခဲများကို ဖြေရှင်းတတ်ရန်နှင့် စဉ်းစားတွေးခေါ်ဖန်တီးတတ်ရန် လေ့လာသင်ယူမည်။ အချို့စာသင်ချိန်များတွင် အဖွဲ့လိုက်လုပ်ဆောင်ကြပြီး၊ အချို့စာသင်ချိန်များတွင် အတန်းလိုက် သို့မဟုတ် တစ်ဦးချင်းလေ့လာ သင်ယူကြမည်ဖြစ်သည်။

### သင်ယူရမည့်အကြောင်းအရာများ

ဤဆဌမတန်း၊ သမိုင်းဘာသာရပ် ကျောင်းသုံးစာအုပ်တွင် အောက်ပါ အဓိကအကြောင်း အရာများ ပါဝင်သည်။

**မြန်မာ့သမိုင်း**

အခန်း(၁) သမိုင်းကြိုခေတ်

၁. ၁။ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်

အခန်း(၂) မြို့များပေါ်ပေါက်လာခြင်း

၂. ၁။ရှေးဟောင်းမြို့တော်များ

အခန်း(၃) ရှေးဟောင်းမြန်မာနိုင်ငံပေါ်ပေါက်လာခြင်း

၃. ၁။ပုဂံဧကရာဇ်နိုင်ငံ

**ကမ္ဘာ့သမိုင်း**

အခန်း(၄) လူ့အဖွဲ့အစည်း၏မူလအစ

၄. ၁။အစားအစာကို လိုက်လံရှာဖွေရသည့် အမဲလိုက်မုဆိုးများ

၄. ၂။စိုက်ပျိုးရေးနှင့် ကျေးလက်ဘဝ

၄. ၃။ရှေးဟောင်းယဉ်ကျေးမှုများ

### သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် **C**-၅ လုံးကို အရေးပါသော ၂၁ ရာစုကျွမ်းကျင်မှုများအဖြစ် ဆရာက အသုံးပြုသင်ကြားပေးမည်။

- ပူးပေါင်းဆောင်ရွက်ခြင်း (**C**ollaboration)- သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားကျောင်းသူများသည် အတန်းဖော်များနှင့်အုပ်စုဖွဲ့ပြီး အတွေးအခေါ်များမျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။
- ဆက်သွယ်ပြောဆိုခြင်း (**C**ommunication)- ဘာသာစကားသင်ခန်းစာများတွင်သာမက ဘာသာရပ်အားလုံးတွင် သင်ခန်းစာများကို ရေးခြင်း၊ ဖတ်ခြင်း၊ ပြောခြင်း၊ နားထောင်ခြင်းနှင့်

နှုတ်ဖြင့်ဆက်သွယ်ပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့်ဆက်သွယ်ပြောဆိုခြင်းစသည့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။

- လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (**C**ritical Thinking and Problem Solving)- ဖြေရှင်းရန် စိတ်ဝင်စားဖွယ်ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် တင်ပြခြင်း၊ အမှားများကို ရှာဖွေခြင်းနှင့်ပြုပြင်ခြင်းတို့ ပြုလုပ်ရလိမ့်မည်။
- တီထွင်ဖန်တီးခြင်း (**C**reativity and Innovation)- ဘောင်ခတ်ထားသည့် အခြေအနေထဲမှ ထွက်၍တွေးခေါ်ခြင်းသည် အရေးပါသော ၂၁ ရာစုကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ အတွေးအခေါ်သစ်များရရှိရန်၊ နည်းလမ်းသစ်များဖြင့် ပြဿနာများဖြေရှင်းရန် ကျောင်းသားကျောင်းသူ များကို အားပေးလိမ့်မည်။
- နိုင်ငံသားကောင်းဖြစ်ခြင်း(**C**itizenship)- နိုင်ငံသားကောင်းဖြစ်စေရန် ကျောင်းလူမှုအဖွဲ့အစည်းတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်း၊ သဘောထားကွဲလွဲမှု ဖြေရှင်းခြင်း စသည်တို့ကို လေ့ကျင့်သင်ယူရမည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီးလုပ်ဆောင်နိုင်မည့်ရလဒ်များ

ဆဋ္ဌမတန်း၊ သမိုင်းဘာသာရပ် ကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားကျောင်းသူများသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်မည်-

**မြန်မာ့သမိုင်း**

အခန်း(၁) သမိုင်း၏ ပြောင်းလဲတိုးတက်မှုဖြစ်စဉ်နှင့် လူ့အဖွဲ့အစည်းအပေါ် နည်းပညာများလွှမ်းမိုးလာခြင်းကို သိရှိနားလည်ရန်

အခန်း(၂) ရှေးဟောင်းမြို့ပြနိုင်ငံများပေါ်ပေါက်လာပုံနှင့်ယဉ်ကျေးမှုဖွံ့ဖြိုး တိုးတက်လာပုံကိုရှင်းပြတတ်ရန်

အခန်း(၃) ပုဂံဧကရာဇ်နိုင်ငံ ပေါ်ပေါက်လာပုံ၊ အင်အားကြီးမားလာပုံနှင့် ပုဂံခေတ် စီးပွားရေး၊ လူမှုရေးနှင့် စာပေ၊ ဗိသုကာလက်ရာ အဆင့်အတန်း တိုးတက်ခဲ့ပုံတို့ကို ရှင်းပြတတ်ရန်


**ကမ္ဘာ့သမိုင်း**

အခန်း(၄) အစားအစာကို လိုက်လံရှာဖွေရသည့် အမဲလိုက်မုဆိုးအဖြစ် နေထိုင်ရသည့် လူ့အဖွဲ့အစည်း၊ လက်နက်ကိရိယာ တိုးတက် အသုံးပြုလာခြင်း၊ မီးကိုအသုံးပြုတတ်လာခြင်းကို ဖော်ပြတတ်ရန်၊ စိုက်ပျိုးရေးလူ့အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိလာသည့် ဖြစ်စဉ်အဆင့်ဆင့်ကို နားလည်စေရန်၊ လူတို့သည် ပတ်ဝန်းကျင်မျိုးစုံနှင့် သဟဇာတဖြစ်အောင် မည်သို့နေထိုင်ခဲ့သည်ကို နားလည်စေရန်နှင့် ရှေးဟောင်းယဉ်ကျေးမှု၏ ပထဝီဝင်နိုင်ငံရေး၊ စီးပွားရေး၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုဖွဲ့စည်းပုံကို ဆန်းစစ်တတ်ရန်

ဤကျောင်းသုံးစာအုပ်တွင် ကျောင်းသားကျောင်းသူများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးမည့် အောက်ပါကဲ့သို့သော သင်္ကေတများ (icons) ကိုတွေ့ရလိမ့်မည်-

| | |
|---|---|
| ဖတ်ပါ | အိုင်စီတီ/အင်တာနက်ချိတ်ပါ |
| ရေးပါ | သူငယ်ချင်းတွေကိုပြောပြပါ |
| နားထောင်ပါ | ဆွေးနွေးပါ |
| စဉ်းစားပါ | Option ရွေးချယ်နိုင်သောသင်ခန်းစာ/လေ့ကျင့်ခန်း |
| စဉ်းစားပြီးရေးပါ | အိမ်စာ |
| ရှာဖွေပါ | နှိုင်းယှဉ်ပါ/ယှဉ်တွဲပါ |

အောက်ပါကဲ့သို့ လေးထောင့်ကွက်များကလည်း ကျောင်းသားကျောင်းသူများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးလိမ့်မည်။



# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **မြန်မာ့သမိုင်း** | |
| **အခန်း (၁)** | **သမိုင်းကြိုခေတ်** | |
| ၁. ၁ | ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် | ၁ |
| **အခန်း (၂)** | **မြို့များပေါ်ပေါက်လာခြင်း** | |
| ၂. ၁ | ရှေးဟောင်းမြို့တော်များ | ၆ |
| **အခန်း (၃)** | **ရှေးဟောင်းမြန်မာနိုင်ငံပေါ်ပေါက်လာခြင်း** | |
| ၃. ၁ | ပုဂံဧကရာဇ်နိုင်ငံ | ၁၇ |
| | **ကမ္ဘာ့သမိုင်း** | |
| **အခန်း (၄)** | **လူ့အဖွဲ့အစည်း၏ မူလအစ** | |
| ၄. ၁ | အစားအစာကိုလိုက်လံရှာဖွေရသည့်အမဲလိုက်မုဆိုးများ | ၂၆ |
| ၄. ၂ | စိုက်ပျိုးရေးနှင့်ကျေးလက်ဘဝ | ၃၀ |
| ၄. ၃ | ရှေးဟောင်းယဉ်ကျေးမှုများ | ၃၉ |

# အခန်း(၁)

# ၁။ သမိုင်းကြိုခေတ်

## နိဒါန်း

ဤအခန်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည့်လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲမှုဖြစ်စဉ်နှင့် လူ့အဖွဲ့အစည်းများအပေါ် နည်းပညာများလွှမ်းမိုးလာခြင်းတို့ကို လေ့လာသင်ယူမည် ဖြစ်သည်။ ကျောင်းသားများအနေဖြင့် မိမိတို့၏ရပ်ရွာဒေသရှိ နေထိုင်စားသောက်မှုပုံစံအကြောင်းကို သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ဤအခန်းကိုသင်ယူပြီးပါက သမိုင်း၏ ပြောင်းလဲတိုးတက်မှုဖြစ်စဉ်နှင့် လူ့အဖွဲ့အစည်းများအပေါ် နည်းပညာများ လွှမ်းမိုးလာခြင်းတို့ကို နှိုင်းယှဉ်ဆွေးနွေးနိုင်မည်ဖြစ်သည်။

## ၁.၁။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်

### ၁.၁.၁။ ကျောက်ခေတ်

အလွန်ရှေးကျသောအချိန်မှစ၍ မြန်မာနိုင်ငံတွင် လူများနေထိုင်ခဲ့ကြသည်။ ရှေးခေတ်လူတို့သည် တစ်နေရာတည်းတွင် အခြေတကျနေထိုင်ခဲ့ခြင်း မရှိခဲ့ကြပေ။ လှည့်လည်သွားလာနေထိုင်ကြသည်။ သစ်ဥ၊ သစ်ဖုများကိုလည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များကိုလည်းကောင်း ရှာဖွေစားသောက်ခဲ့ကြသည်။ ကြေး၊ သံ၊ သတ္တုတို့ကို သုံးစွဲသည့်အသိဉာဏ်ကိုလည်း မရကြသေးပေ။ ကျောက်တုံး၊ ကျောက်ခဲများကိုသာ လက်နက်ပစ္စည်းအဖြစ် အသုံးပြုကြသည်။ ဤကဲ့သို့သော ပစ္စည်းများကိုသုံးစွဲကာ အသက်မွေးဝမ်းကျောင်းမှုကိုပြုလုပ်ကြသောကြောင့် ထိုလူတို့နေထိုင်သောခေတ်ကို ကျောက်ခေတ်ဟု အမည်ပေးထားခြင်းဖြစ်သည်။ ထိုကျောက်ခေတ်များတွင် အသုံးပြုခဲ့သော လက်နက်၏ အကြမ်းအနုကိုကြည့်၍ ကျောက်ခေတ် ၃ ခေတ် ပိုင်းခြားထားသည်။


(၁) ကျောက်ခေတ်ဦး သို့မဟုတ် ကျောက်ခေတ်ဟောင်း
(၂) ကျောက်ခေတ်လယ်
(၃) ကျောက်ခေတ်နှောင်း သို့မဟုတ် ကျောက်ခေတ်သစ်ဟူ၍ ဖြစ်သည်။

#### ၁.၁.၁.၁။ ကျောက်ခေတ်ဦး

မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦးလူတို့ ကြွင်းကျန်ရစ်သော ကျောက်လက်နက်ပစ္စည်းများကို မြန်မာနိုင်ငံအလယ်ပိုင်း အထက်အညာဒေသတွင် တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ကျောက်ခေတ်ဦး ယဉ်ကျေးမှုကို အညာသားယဉ်ကျေးမှုဟု ခေါ်သည်။ ကျောက်ခေတ်ဦး နှောင်းပိုင်း ယဉ်ကျေးမှုကို ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံဒေသရှိ ပြဒါးလင်းဂူတွင် တွေ့ရှိရသည် (ပုံ-၁)။



ပုံ-၁ ပြဒါးလင်းဂူ



ပုံ-၂ ပြဒါးလင်းဂူမှနံရံပန်းချီများ

ပြဒါးလင်းဂူတွင် ကျောက်ခေတ်လူတို့သည် လက်ဝါးပုံ၊ တက်နေဝန်းပုံ၊ ဆင်၊ ဝက်၊ သမင်တို့နှင့် တူသော ပုံများကို ဂူနံရံများပေါ်တွင် နံရံပန်းချီများ အဖြစ် ရေးဆွဲခဲ့သည် (ပုံ-၂)။


### ၁.၁.၁.၂။ ကျောက်ခေတ်လယ်

မြန်မာနိုင်ငံတွင် ကျောက်ခေတ်လယ်ဆိုင်ရာ အထောက်အထားများကို အနည်းအကျဉ်းသာ တွေ့ရှိရသည်။

### ၁.၁.၁.၃။ ကျောက်ခေတ်နှောင်း

ကျောက်ခေတ်နှောင်းမှ လက်နက်များကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်၊ သံတွဲနှင့် မြိတ်တို့တွင် တွေ့ရသည် (ပုံ-၃)။

ကျောက်ခေတ်နှောင်းလူတို့သည် မီးကိုအသုံးပြုတတ်လာသည့်အပြင် စိုက်ပျိုးမွေးမြူရေးကိုလည်း ပြုလုပ်လာနိုင်၍ အခြေတကျနေထိုင်လာကြသည်။ အရိုးနှင့် ဆင်စွယ်များအပြင် ရွှံ့များကို မီးဖုတ်၍ အနုပညာလက်ရာမြောက်အောင် ပြုလုပ်တတ်လာကြသည်။ ကုန်ပစ္စည်းဖလှယ်ရန်နှင့် သိုလှောင်ရန်အတွက် တောင်းများနှင့် အဝတ်အထည်များကိုလည်း ရက်လုပ်တတ်လာကြသည်။ ကျောက်ခေတ်နှောင်း ကာလနောက်ပိုင်းတွင် အိုးများလုပ်တတ်လာကြသည်။




ပုံ-၃ ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်းဒေသများမြေပုံ



ရွှံ့အိုးများပေါ်တွင်လည်း အလှဆင်တတ်လာကြသည်။ ဝန်တင်ရန်နွားကို အသုံးပြုလာကြသည်။ ကျောက်ခေတ်နှောင်းလူတို့သည် ကျောက်လက်နက်များကို ပြောင်ချောအောင် အချောကိုင်တတ်လာကြသည်(ပုံ-၄)။ လက်နက်အဖြစ် လေးနှင့်မြားကို အသုံးပြုလာကြသည်။

ပုံ-၄ ကျောက်ခေတ်နှောင်းကျောက်လက်နက်များ

## ၁.၁.၂။ ကြေးခေတ်၊ သံခေတ်

ကျောက်ခေတ်နှောင်းလူတို့သည် လက်နက်၊ အသုံးအဆောင်ပစ္စည်းများကို ကြေး၊ သံတို့ဖြင့် ပြုလုပ်သုံးစွဲတတ်လာသည်။ ကျောက်ခေတ်နှောင်းမှ လက်နက်နှင့် အသုံးအဆောင်ပစ္စည်းများကို ကြေးနီဖြင့် ပြုလုပ်သုံးစွဲသော ကြေးခေတ်သို့ ကူးပြောင်းလာသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ် အုတ်အိုင်ရွာ အပါအဝင် ညောင်ကန်ဒေသတွင် ကြေးခေတ်လူတို့ နေထိုင်ခဲ့ကြသည်။



ပုံ-၅ ညောင်ကန်မှကြေးလက်နက်များ

၎င်းတို့ သုံးစွဲခဲ့သော ကြေးလက်နက်များ၊ ကြေးတုံးအစအနများကို တွေ့ရှိရသည် (ပုံ-၅)။ ထို့ကြောင့် ယင်းဒေသကို ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သောနေရာဟု သတ်မှတ်ခဲ့ကြသည်။ ကြေးခေတ်ထွန်းကားခဲ့ပြီးနောက် သံခေတ်ထွန်းကားခဲ့သဖြင့် ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှုနှစ်ခုသည် နီးကပ်လျက် ရောနှောတည်ရှိခဲ့ကြောင်း သံခေတ်သို့ ကူးပြောင်းလာသည့်ကာလတွင် ပျော့ပျောင်းသော ကြေးလက်နက်များအစား ပို၍မာကျောသော သံလက်နက်ကိရိယာများကို ထုတ်လုပ် သုံးစွဲခဲ့ကြသည်။ ထို သံလက်နက်များကို ထုတ်လုပ်ရန် သံချက်ဖိုကြီးများကို တည်ဆောက်အသုံးပြုခဲ့ကြသည်။ တောင်သမန်ဒေသနှင့် ပျော်ဘွယ်မြို့နယ်၊ ရွာထင်းကုန်းတွင် သံဖြင့်ပြုလုပ်ထားသော အသုံးအဆောင်များကို သုံးစွဲသည့် သံခေတ်လူတို့ နေထိုင်ခဲ့ကြသည်။

## အဓိကအချက်များ

- အလွန်ရှေးကျသော အချိန်မှစ၍ မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦး လူသားတို့ နေထိုင်ခဲ့ကြသည်။
- သမိုင်းကြိုခေတ်တွင် ရှေးဦးလူတို့သည် ကျောက်လက်နက် ပစ္စည်းများကို အသုံးပြုပြီး ခက်ခဲ ပင်ပန်းစွာ လှည့်လည်ရှာဖွေ စားသောက်ကြရသည်။
- မြန်မာနိုင်ငံ၏ ကျောက်ခေတ်ဦး ယဉ်ကျေးမှုကို မြန်မာနိုင်ငံ အလယ်ပိုင်း အထက်အညာဒေသ တွင်တွေ့ရှိရသောကြောင့် အညာသားယဉ်ကျေးမှုဟု ခေါ်သည်။
- ကျောက်ခေတ်နှောင်း လူတို့သည် မီးကို အသုံးပြုတတ်လာသဖြင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာပြီး စိုက်ပျိုး မွေးမြူရေးကိုလည်း ပြုလုပ်လာနိုင်၍ အခြေတကျ နေထိုင်လာကြသည်။
- ကျောက်ခေတ်နှောင်းမှ ကြေးခေတ်၊ သံခေတ်သို့ ကူးပြောင်းလာသည်။


### လေ့ကျင့်ရန်မေးခွန်းများ

(အောက်ပါမေးခွန်းများကိုဆွေးနွေး၍ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ။)

၁။ မြန်မာနိုင်ငံ ကျောက်ခေတ်ဦးမှ ကျောက်ခေတ်နှောင်းသို့ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံကို ဆွေးနွေးပါ။

၂။ ယနေ့ခေတ် လူသားတို့၏ နေထိုင်စားသောက်မှုပုံစံနှင့် ကျောက်ခေတ်လူသားတို့ နေထိုင်မှုပုံစံ ကွာခြား ပုံကို သူငယ်ချင်းများနှင့် ဆွေးနွေး၍ နှိုင်းယှဉ်တင်ပြပါ။

အခန်း(၁) သမိုင်းကြိုခေတ်တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပြီး ကွက်လပ်များ တွင် ဖြည့်ပါ။



**အခန်း(၁)ပါ ပုံများ၏ ရင်းမြစ်များ**

ပုံ-၁ ပြဒါးလင်းဂူ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၂ ပြဒါးလင်းဂူမှ နံရံပန်းချီများ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၃ ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်း ဒေသများမြေပုံ (https://news.yatanarpon.com.mm/entertainment/book/read/mnmaasmiungempnu.pdf) (08 02 2018)

ပုံ-၄ ကျောက်ခေတ်နှောင်းကျောက်လက်နက်များ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)


ပုံ-၅ ညောင်ကန်မှ ကြေးလက်နက်များ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

# အခန်း( ၂)

## ၂။ မြို့များပေါ်ပေါက်လာခြင်း

### နိဒါန်း

ဤအခန်းတွင် ရှေးဟောင်းမြို့ပြနိုင်ငံများ ပေါ်ပေါက်လာပြီး မြို့ရွာများ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာပုံ၊ နည်းပညာများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာပုံနှင့် ၎င်းတို့အချင်းချင်း ဆက်နွယ်မှုများအကြောင်းကို လေ့လာသင်ယူနိုင်မည် ဖြစ်သည်။ အခန်း ၁ တွင် သမိုင်းကြိုခေတ်၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲမှုဖြစ်စဉ်နှင့် လူ့အဖွဲ့အစည်းများအပေါ် နည်းပညာများလွှမ်းမိုးလာခြင်းတို့ကို သိရှိခဲ့ပြီးဖြစ်သည်။ ဤအခန်းကို သင်ယူပြီးနောက် ရှေးဟောင်းမြို့ပြနိုင်ငံများ ပေါ်ပေါက်လာပုံနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာပုံကို ဆွေးနွေးတတ်မည်ဖြစ်သည်။




ပုံ-၁ ရှေးဟောင်းမြို့ပြနိုင်ငံများပြမြေပုံ

### ၂.၁။ ရှေးဟောင်းမြို့တော်များ

#### ၂.၁.၁။ ရှေးဟောင်းမြို့ပြနိုင်ငံများ ဖြစ်ပေါ်လာစေသည့် နည်းပညာ၊ အသိပညာနှင့်ကျွမ်းကျင်မှုများ တိုးတက်လာပုံ

လူမှုအဖွဲ့အစည်းများသည် စမုံမြစ်ဝှမ်း၊ မူးမြစ်ဝှမ်းဒေသ၊ ယင်းချောင်းလွင်ပြင်ဒေသတို့တွင် စိုက်ပျိုးရေးကို အခြေခံပြီး ကြေး၊ သံ၊ လက်နက်များကို အသုံးပြုလာနိုင်၍ စီးပွားရေး တောင့်တင်းလာကြသည်။ ထိုမှတစ်ဆင့် ရှေးခေတ်ကာကွယ်ရေးနှင့် ကုန်သွယ်ရေးစနစ်များကို ဖန်တီးနိုင်ခဲ့ရာမှ ရှေးဦးမြို့ပြဆိုင်ရာ လက္ခဏာများ ပေါ်ပေါက်လာသည်။


တောင်အာရှ(အိန္ဒိယ)နှင့် ဆက်သွယ်ခြင်းကြောင့် နည်းပညာပြောင်းလဲမှုများ ပေါ်ပေါက်လာသည်။ အုတ်ကို ဆောက်လုပ်ရေးပစ္စည်းအဖြစ် အသုံးပြုတတ်လာသည်။ မြေဩဇာကောင်းသော ဒေသများတွင် ဧရာဝတီမြစ်ကိုအခြေပြုလျက် ချောင်းများ၊ အင်းကြီးများကို အမှီပြုစိုက်ပျိုးခြင်း၊ ဒေသဆိုင်ရာသံထည်ကို ကနဦးထုတ်လုပ်ခြင်း ပြုလုပ်ခဲ့ကြသည်။ တော၊ တောင်၊ ရေမြေရှုခင်းတို့ကို ပြောင်းလဲစေခဲ့သည်။ မြို့ရိုးပါသောမြို့များကို တည်ဆောက်လာကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ၁ ရာစုအေဒီမှ ၉ ရာစုအေဒီအတွင်း ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ သုဝဏ္ဏဘူမိနှင့် ဝေသာလီ စသည့် မြို့ပြနိုင်ငံများ ထွန်းကားလာခြင်းဖြစ်သည် (ပုံ - ၁)။

## အဓိကအချက်များ

- ရှေးဟောင်းမြို့ပြနိုင်ငံများ မပေါ်မီ လူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးခဲ့ကြရာမှ ကြေး ၊ သံလက်နက်များကို အသုံးပြုလာနိုင်ပြီး စီးပွားရေးအင်အား တောင့်တင်းလာကြသည်။
- ကာကွယ်ရေးနှင့် ကုန်သွယ်ရေး စနစ်များကို ဖန်တီးလာနိုင်ခဲ့ကြပြီး ရှေးဦးမြို့ပြဆိုင်ရာ လက္ခဏာများ ပေါ်ပေါက်လာသည်။
- မြန်မာနိုင်ငံတွင် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ သုဝဏ္ဏဘူမိနှင့် ဝေသာလီစသည့် မြို့ပြနိုင်ငံများ ပေါ်ပေါက်လာသည်။

### ၂.၁.၂။ ဗိဿနိုးမြို့

မြန်မာနိုင်ငံတွင် ရှေးဦးပေါ်ထွန်းခဲ့သော ပျူမြို့ပြနိုင်ငံဖြစ်သည်။ ဗိဿနိုးမြို့သည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ၁၁ မိုင်အကွာ ယင်းချောင်းလွင်ပြင်တွင် တည်ရှိသည်။ မြို့တည်ဆောက်ပုံမှာ လေးထောင့်ပုံဖြစ်ပြီး မြို့ရိုးလေးဖက် ကာရံထားသောမြို့ဖြစ်သည် (ပုံ-၂)။ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တမံ၊ ဆည်၊ တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနည်းကို အသုံးပြုခဲ့သည်။



ပုံ-၂ ဗိဿနိုးမြို့ဟောင်းမြေပုံ

ဗိဿနိုးမြို့မှ တူးဖော်ရရှိသော မြေအိုးများ၊ သံထည်ပစ္စည်းများ၊ ကြေးလက်ကောက်နှင့် ကြေးချူများ၊ အဆောက်အအုံကြီးများသည် ပျူတို့၏ ဗိသုကာနှင့် လက်မှုအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်မှုကို ဖော်ပြနေသည် (ပုံ-၃)။ အိန္ဒိယနှင့် ကုန်သွယ်ဆက်ဆံရေးမှ ရောက်ရှိပျံ့နှံ့လာသည့် သီဝ၊ ဗိဿနိုးနတ် ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာတို့ကို ယုံကြည်သက်ဝင်ခဲ့ကြသည်။

ဗိဿနိုးမြို့ကို ခိုင်မာသော မြို့တံတိုင်း၊ ကျုံး တို့ဖြင့် တည်ဆောက်ထားသည်။ ဗိဿနိုးမြို့ လူနေမှု စနစ်တွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားတို့ ပါဝင်သည်။ ဗိဿနိုးမြို့သည် ဘီစီ ၂ ရာစုမှ ၅ ရာစု အေဒီအတွင်း ထွန်းကားတည်ရှိခဲ့သည်။ မြန်မာ နိုင်ငံအတွက် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ပထမဆုံး သတ်မှတ်ခံရသည့် ရှေးဟောင်းပျူမြို့ပြနိုင်ငံ သုံးမြို့တွင် ပါဝင်သည်။



ပုံ-၃ ဗိဿနိုးမြို့မှတူးဖော်ရရှိသော အိုးခွက်များ


## အဓိကအချက်များ

- မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၏အနောက်မြောက်ဘက် ၁၁ မိုင်အကွာတွင်ရှိသည်။
- မြို့တည်ဆောက်ပုံမှာ လေးထောင့်ပုံဖြစ်ပြီး မြို့ရိုးလေးဖက် ကာရံထားသောမြို့ဖြစ်သည်။
- စိုက်ပျိုးရေးသည် အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်ခဲ့ပြီး ရေသွင်းစိုက်ပျိုးနည်း ကျင့်သုံးခဲ့သည်။
- ဗိဿနိုးမြို့တွင် ဗိသုကာနှင့် လက်မှုအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ခဲ့သည်။
- သီဝ၊ ဗိဿနိုးနတ် ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာတို့ကို ယုံကြည်သက်ဝင်ခဲ့ကြသည်။
- ဗိဿနိုးမြို့ကို ခိုင်မာသော မြို့တံတိုင်း၊ ကျုံးတို့ဖြင့် တည်ဆောက်ထားသည်။
- ဗိဿနိုးမြို့၏လူနေမှုစနစ်မှာ မြို့အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားတို့ ပါဝင်သော အုပ်ချုပ်ရေးစနစ်ဖြစ်သည်။
- ဗိဿနိုးမြို့သည် ဘီစီ ၂ ရာစုမှ ၅ ရာစု အေဒီအတွင်း ထွန်းကားခဲ့သည်။
- မြန်မာနိုင်ငံအတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်ပထမဆုံးသတ်မှတ်ခံရသည့်ရှေးဟောင်း ပျူမြို့ပြနိုင်ငံ သုံးမြို့တွင် ပါဝင်သည်။

## ၂.၁.၃။ ဟန်လင်းမြို့

ဟန်လင်းမြို့သည် ပျူလူမျိုးတို့၏ မြို့ပြနိုင်ငံဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၏ အရှေ့တောင်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိသည်။ ဧရာဝတီမြစ်နှင့် မူးမြစ်တို့ကြား မြစ်ဝှမ်းဒေသဖြစ်၍ မြေသြဇာကောင်းသော မိုးနည်းရပ်ဝန်းဒေသဖြစ်သည်။ ထို့ကြောင့် ရေသွင်း စိုက်ပျိုးနည်းစနစ် ကျင့်သုံးခဲ့သည်။ မြို့မှာစတုရန်းပုံဖြစ်ပြီး မြို့ရိုးလေးဖက် ကာရံထားသည်။ အရှေ့ဘက်တွင် မြို့ရိုးနှစ်ထပ်ရှိ၍ ပျူလူမျိုးတို့သည် မြို့ကို စနစ်တကျ တည်ဆောက်ခဲ့သည်။

ဟန်လင်းမြို့၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ ထို့အပြင် ဟန်လင်းမြို့သည် တရုတ်၊ အိန္ဒိယတို့နှင့် တိုက်ရိုက်ကုန်သွယ်ခြင်းကြောင့် ကုန်သွယ်ရေးလုပ်ငန်းလည်း ထွန်းကားခဲ့သည်(ပုံ-၄)။




ပုံ - ၄ ဟန်လင်းမြို့ဟောင်းမြေပုံ

ဟန်လင်းမြို့တွင် ဗိသုကာနှင့် ပန်းပဲ၊ ပန်းထိမ် လက်မှုအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ခဲ့သည်ဟု ယူဆရသည်။ တူးဖော်တွေ့ရှိချက်များအရ ဟန်လင်းမှပျူတို့သည် သီဝ၊ ဗိဿနိုး နတ်ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာတို့ကို ယုံကြည်ခဲ့ကြောင်း သိရသည်။ ဟန်လင်းမြို့သည် ၁ ရာစု အေဒီခန့်မှ ၈ ရာစု အတွင်း ထွန်းကားခဲ့ပြီး မြန်မာနိုင်ငံအတွက် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ပထမဆုံး သတ်မှတ်ခံရသည့် ရှေးဟောင်းပျူမြို့ပြနိုင်ငံ သုံးမြို့တွင် တစ်မြို့အပါအဝင် ဖြစ်သည်(ပုံ-၅)။




ပုံ-၅ ဟန်လင်းမြို့ဟောင်းရှိ
ကမ္ဘာ့အမွေအနှစ်အမှတ်အသားကျောက်တုံး

ဟန်လင်းမြို့မှ မြေအိုး၊ မြေအင်တုံများ၊ သံထည်ပစ္စည်းများ၊ ကြေးလက်ကောက်နှင့် ကြေးမုံများ၊ ရွှေလက်စွပ်၊ ရွှေပုတီးစေ့များ၊ ဒင်္ဂါးများနှင့် အဆောက်အအုံကြီးများကို တူးဖော်တွေ့ရှိရသည် (ပုံ-၆ နှင့် ပုံ-၇)။



ပုံ-၆ ဟန်လင်းမြို့ဟောင်းမှတူးဖော်ရရှိသော ပစ္စည်းများ




ပုံ-၇ ဟန်လင်းဒင်္ဂါးများ

## အဓိကအချက်များ

- ဟန်လင်းမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၏အရှေ့တောင်ဘက် ၁၂ မိုင်အကွာတွင် တည်ရှိသည်။
- အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး ရေသွင်းစိုက်ပျိုးနည်းစနစ်ကို ကျင့်သုံးခဲ့သည်။
- တရုတ်၊ အိန္ဒိယတို့နှင့်လည်း ကုန်သွယ်မှုများ ရှိခဲ့သည်။
- ဟန်လင်းမြို့ တူးဖော်မှုများအရ ဗိသုကာနှင့် လက်မှုအတတ်ပညာများ ထွန်းကားခဲ့ကြောင်း သိရသည်။
- ဟန်လင်းမှ ပျူတို့သည် သီဝ၊ ဗိဿနိုးနတ် ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာတို့ကို ယုံကြည်ခဲ့ကြသည်။
- မြန်မာနိုင်ငံအတွက် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ပထမဆုံးသတ်မှတ်ခံရသည့် ရှေးဟောင်းပျူမြို့ပြနိုင်ငံ သုံးမြို့တွင် တစ်မြို့အပါအဝင် ဖြစ်သည်။

## ၂.၁.၄။ သရေခေတ္တရာမြို့

သရေခေတ္တရာမြို့သည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏အရှေ့တောင်ဘက် ၅ မိုင်အကွာ မှော်ဇာရွာတွင် တည်ရှိ၏။ သရေခေတ္တရာသည် အောက်မြန်မာနိုင်ငံတွင်တည်ရှိ၍ မိုးကောင်းစွာရရှိသည်။ ထို့အပြင် နုန်းတင်မြေနုများ ရှိသောကြောင့် မြေဩဇာ ကောင်းမွန်သော ဒေသဖြစ်သည်။ သရေခေတ္တရာမြို့မှာ ဘဲဥပုံဖြစ်ပြီး မြို့ရိုးလေးဖက် ကာရံထားသောမြို့ ဖြစ်သည် (ပုံ-၈)။ နန်းတော်ကိုလည်း နန်းမြို့ရိုးဖြင့် ထပ်မံ၍ ကာရံထားသည် (ပုံ-၉)။



ပုံ-၈ သရေခေတ္တရာမြို့ဟောင်းမြေပုံ



ပုံ-၉ သရေခေတ္တရာမြို့ရိုးပုံ

သရေခေတ္တရာမြို့၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး ဖြစ်သည်။ တရုတ်၊ အိန္ဒိယ၊ အရှေ့တောင်အာရှတို့နှင့်လည်း ကုန်သွယ်မှုများရှိခဲ့သည်။ သရေခေတ္တရာမြို့ဟောင်းမှ မြေထည်ပစ္စည်းများ၊ သံချွန်၊ သံကွင်း၊ ဓား၊ ရိုက်သံများ၊ သံစူး၊ လှံသွားစသည့် သံထည်ပစ္စည်းများ၊ ကြေးလက်ကောက်နှင့် ကြေးမုံများ၊ ရွှေစေတီ၊ ငွေစေတီ၊ ရွှေပေ၊ ရွှေဆင်းတုများ၊ ရွှေလက်စွပ်၊ ငွေလက်စွပ်များ၊ ရွှေပုတီးစေ့၊ ငွေပုတီးစေ့များ၊ ရွှေ သို့မဟုတ် ငွေဖြင့်ပြုလုပ်ထားသော လည်ဆွဲများ၊ လင်ပန်း၊ ကလပ်ခွက်၊ ဖလားများကို တူးဖော်တွေ့ရှိရသည် (ပုံ-၁၀)။



ပုံ-၁၀ သရေခေတ္တရာမြို့မှ ရရှိသောလက်ဝတ်တန်ဆာများ

သရေခေတ္တရာပျူတို့သည် အိန္ဒိယတောင်ပိုင်းမှ အက္ခရာပုံစံကိုယူ၍ ကိုယ်ပိုင်စာ တီထွင်သုံးစွဲခဲ့သည်။ သရေခေတ္တရာမြို့သည် ၂ ရာစု အေဒီမှ ၉ ရာစု အေဒီအတွင်း ထွန်းကားခဲ့ပြီး ပျူမြို့များတွင် ယဉ်ကျေးမှု အထွန်းကားဆုံး၊ စီးပွားရေး အတိုးတက်ဆုံးနှင့် ဗုဒ္ဓဘာသာ အထွန်းကားဆုံးမြို့ ဖြစ်သည်။

ထို့အပြင်မြန်မာနိုင်ငံအတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ပထမဆုံးသတ်မှတ်ခံရသည့် ရှေးဟောင်းပျူမြို့ပြနိုင်ငံ သုံးမြို့တွင် ပါဝင်သည်။

ကျောက်အရိုးအိုးများ၊ ကျောက်စာများ၊ စေတီပုံဖော်ထားသော အုတ်ခွက်များက ကျောက်ဆစ်အတတ်၊ ပန်းပဲနှင့် ပန်းထိမ်လက်မှုပညာများ ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ကြောင်း ပြသနေသည် (ပုံ-၁၁)။ ဗိသုကာအဆင့်အတန်း မြင့်မားသည့် စေတီပုထိုးများနှင့် အဆောက်အအုံကြီးများကိုလည်း တွေ့ရသည်။ သီဝ၊ ဗိဿနိုးနတ် ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ခဲ့သည်။



ပုံ-၁၁ စေတီပုံဖော်ထားသော အုတ်ခွက်

## အဓိကအချက်များ

- သရေခေတ္တရာမြို့သည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏ အရှေ့တောင်ဘက် ၅ မိုင်အကွာ မှော်ဇာရွာတွင် တည်ရှိသည်။
- အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။
- တရုတ်၊ အိန္ဒိယ၊ အရှေ့တောင် အာရှတို့နှင့်လည်း ကုန်သွယ်မှုများ ရှိခဲ့သည်။
- သရေခေတ္တရာပျူတို့သည် အိန္ဒိယတောင်ပိုင်းမှ အက္ခရာပုံစံကိုယူ၍ ကိုယ်ပိုင်အက္ခရာ တီထွင်ခဲ့သည်။
- သရေခေတ္တရာမြို့သည် ပျူမြို့များတွင် ယဉ်ကျေးမှု အထွန်းကားဆုံး၊ စီးပွားရေး အတိုးတက်ဆုံးနှင့် ဗုဒ္ဓဘာသာ အထွန်းကားဆုံးမြို့ဖြစ်သည်။
- မြန်မာနိုင်ငံအတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်ပထမဆုံးသတ်မှတ်ခံရသည့်ရှေးဟောင်း ပျူမြို့ပြနိုင်ငံ သုံးမြို့တွင် တစ်မြို့အပါအဝင် ဖြစ်သည်။

## ၂.၁.၅။ မိုင်းမောမြို့

မိုင်းမောမြို့သည် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ကူမဲမြို့၏ အရှေ့တောင်ဘက်တွင် တည် ရှိသည့် ပျူမြို့ပြနိုင်ငံဖြစ်သည်။ ပန်းလောင်မြစ်ဝှမ်းဒေသဖြစ်ပြီး မြေဩဇာကောင်းမွန်သော နေရာဖြစ်၍ စိုက်ပျိုးရေး ဖြစ်ထွန်းခဲ့သည်။ ပင်လယ်မြို့ဟုလည်း ခေါ်ဆိုသည့် မိုင်းမောမြို့သည် အဝိုင်းပုံသဏ္ဌာန်ရှိပြီး မြို့ရိုးသုံးထပ် ကာရံထားသည်။

မိုင်းမောမြို့မှ တူးဖော်တွေ့ရှိရသော ဗုဒ္ဓငွေဆင်းတုတော်၊ ငွေပန်းအိုး၊ ဆင်ရုပ်၊ နွားရုပ်များပါသော ပုတီးစေ့များ၊ ရွှေလက်စွပ်၊ ရွှေလက်ကြပ်များနှင့် အဆောက်အအုံများက ပျူတို့၏ ယုံကြည်ကိုးကွယ်မှု၊ ဗိသုကာနှင့် လက်မှုပညာရပ်များကို ဖော်ပြနေသည်။ မိုင်းမောမြို့သည် ဘီစီ ၂ ရာစုတွင် စတင်ထွန်းကားခဲ့၍ အစောဆုံးသော ပျူမြို့ပြဖြစ်သည်။

## အဓိကအချက်များ

- မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၊ ကူမဲမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။
- ပန်းလောင်မြစ်ဝှမ်းဒေသဖြစ်၍ မြေဩဇာကောင်းမွန်သော နေရာဖြစ်ကာ စိုက်ပျိုးရေးဖြစ်ထွန်းခဲ့သည်။
- မိုင်းမောမြို့မှ တူးဖော်မှုများအရ ပျူတို့၏ ယုံကြည်ကိုးကွယ်မှု၊ ဗိသုကာနှင့် လက်မှုပညာရပ်များကို သိရသည်။

### ၂.၁.၆။ သုဝဏ္ဏဘူမိ

သုဝဏ္ဏဘူမိ (သထုံ)တွင် ရှေးဟောင်းမွန်ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ သုဝဏ္ဏဘူမိ ဆိုသည်မှာ ရွှေမြေဟု အဓိပ္ပာယ်ရသည်။ စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်ကြားဒေသတွင် မွန်တို့၏ ဂဝံယဉ်ကျေးမှု လက်ရာ အထောက်အထားများ၊ မြို့ရိုးများ၊ ဘုရားပုထိုးများကို တွေ့ရှိရသည်။ သုဝဏ္ဏဘူမိမှ မွန်တို့သည် သထုံပြည်ရှိ ကေလာသတောင်၏ အနောက်မြောက်ဘက်တွင် နေထိုင်ကြသည်။

၎င်းတို့သည် အိန္ဒိယကုန်သည်များမှတစ်ဆင့် အိန္ဒိယယဉ်ကျေးမှုကို လက်ခံခဲ့ကြသည်။ ရှေးဦးစွာ ဗြဟ္မဏဝါဒကို လက်ခံပြီး ဗိဿနိုးနတ်၊ သီဝနတ်တို့ကို ကိုးကွယ်ကြသည်။ နောက်ပိုင်းတွင် ထေရဝါဒ ဗုဒ္ဓသာသနာရောက်ရှိလာသည်။ သုဝဏ္ဏဘူမိတွင်ဂဝံကျောက်နှင့်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများ၊ အနုပညာလက်ရာများကို တွေ့ရှိရသဖြင့် ဂဝံကျောက်ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း သိရှိရသည်။ သုဝဏ္ဏဘူမိ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ စပါး၊ ပြောင်းနှင့် ပဲမျိုးစုံ စိုက်ပျိုးကြသည်။ သုဝဏ္ဏဘူမိသည် အရှေ့တောင်အာရှ၌ အရေးပါသော ကုန်သွယ်ရေးစခန်းဖြစ်ခဲ့သည်။ အိန္ဒိယ၊ မလေးကျွန်းဆွယ်၊ ယိုးဒယားနိုင်ငံတို့နှင့် ကုန်သွယ်မှုများ ရှိခဲ့သည်။

## အဓိကအချက်များ

- သုဝဏ္ဏဘူမိ ဆိုသည်မှာ ရွှေမြေဟု အဓိပ္ပာယ်ရသည်။
- သုဝဏ္ဏဘူမိ (သထုံ) တွင် မွန်တို့၏ ဂဝံကျောက်နှင့် ဆောက်လုပ်ထားသော အဆောက်အအုံများ၊ အနုပညာလက်ရာများကို တွေ့ရပြီး ဂဝံကျောက်ယဉ်ကျေးမှု ထွန်းကားခဲ့သည်။
- အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။
- သီဝ၊ ဗိဿနိုး နတ်ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာတို့ကို ယုံကြည်သက်ဝင်ခဲ့ကြသည်။
- အရှေ့တောင်အာရှ၌ အရေးပါသော ကုန်သွယ်ရေးစခန်း ဖြစ်ခဲ့သည်။
- အိန္ဒိယ၊ မလေးကျွန်းဆွယ်၊ ယိုးဒယားနိုင်ငံတို့နှင့် ကုန်သွယ်မှုများ ရှိခဲ့သည်။

## ၂.၁.၇။ ဝေသာလီ

ရခိုင်ရှေးဟောင်းမြို့တော်ဖြစ်သည့်ဝေသာလီမြို့သည် ကုလားတန်မြစ်နှင့်လေးမြို့မြစ်ဝှမ်းအလယ်ပိုင်းတွင် တည်ရှိသည်။ မြောက်ဦးမြို့ ရှစ်သောင်းဘုရားရင်ပြင်ရှိ အာနန္ဒစန္ဒြကျောက်စာအရ ဝေသာလီမြို့တွင် စန္ဒြမင်းဆက် ထီးနန်းစိုးစံခဲ့သည်။ စန္ဒြမင်းဆက်သည် ကျောင်းကန်များတည်ဆောက်ခဲ့ပြီး သီရိလင်္ကာနိုင်ငံမှ ရဟန်းတော်များကို ပင့်ဖိတ်ခဲ့ကြောင်း ကျောက်စာတွင် ဖော်ပြသည်။ ဝေသာလီမြို့တွင် ဗြဟ္မဏဝါဒ၊ မဟာယာနနှင့် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားခဲ့သည်။

ဝေသာလီမြို့သည် အိန္ဒိယမြောက်ပိုင်းနှင့် ယဉ်ကျေးမှု အဆက်အဆံရှိသည်။ တူးဖော်တွေ့ရှိရသော ဝေသာလီ ငွေဒင်္ဂါး အကြီး၊ အလတ်၊ အသေးများက ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှု အဆင့်အတန်းကို ဖော်ပြသည်။ ကျောက်၊ ကြေးနီ၊ ကြေးဝါ၊ ရွှေ၊ ငွေတို့ဖြင့် ထုလုပ်သွန်းလုပ်သည့် ဆင်းတုများ၊ စေတီငယ်များ၊ အရုပ်များ၊ ဆီမီးခွက်များက ရှေးဦးရခိုင်တို့၏ အနုပညာ အဆင့်အတန်း မြင့်မားကြောင်း ဖော်ပြနေသည်။ ဝေသာလီမြို့သည် သရေခေတ္တရာနှင့် ခေတ်ပြိုင်ဖြစ်ပြီး ပျူတို့နှင့် ဆက်ဆံမှုရှိခဲ့သည်။ ဝေသာလီမြို့သည် ၄ ရာစု အေဒီမှ ၉ ရာစု အေဒီအကြား ထွန်းကားခဲ့သည်။

### အဓိကအချက်များ

- ဝေသာလီမြို့သည် ကုလားတန်မြစ်နှင့် လေးမြို့မြစ်ဝှမ်း အလယ်ပိုင်းတွင် တည်ရှိသည်။
- ဝေသာလီတွင် အာနန္ဒစန္ဒြမင်းဆက် ထီးနန်းစိုးစံခဲ့သည်။
- ဝေသာလီမြို့တွင် ဗြဟ္မဏဝါဒ၊ မဟာယာနနှင့် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားခဲ့သည်။
- ဝေသာလီ ငွေဒင်္ဂါးများက ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှု အဆင့်အတန်းကို ဖော်ပြသည်။
- ရှေးဦးရခိုင်တို့၏ အနုပညာ အဆင့်အတန်း မြင့်မားခဲ့သည်။

## လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ ကွက်လပ်ဖြည့်ပါ။

(က) ဗိဿနိုးမြို့၏ တည်ဆောက်ပုံမှာ -------------- ပုံဖြစ်သည်။

(ခ) ဟန်လင်းမြို့၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး -------------- စိုက်ပျိုးနည်းစနစ်ကို ကျင့်သုံးခဲ့သည်။

(ဂ) သရေခေတ္တရာပျူတို့သည် အိန္ဒိယတောင်ပိုင်းမှ -------------- ပုံစံကိုယူ၍ ကိုယ်ပိုင်အက္ခရာ တီထွင်သုံးစွဲခဲ့သည်။

(ဃ) သုဝဏ္ဏဘူမိဒေသတွင် -------------- ယဉ်ကျေးမှု ထွန်းကားခဲ့သည်။

(င ) ဝေသာလီမြို့ပြနိုင်ငံ၏ ကုန်သွယ်ရေးတွင် ငွေဒင်္ဂါးအကြီး၊ အလတ်၊ --------------- များကို သုံးစွဲခဲ့ကြသည်။

၂။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ဗိဿနိုးမြို့၏ တည်နေရာကို ဖော်ပြပါ။

(ခ) ဟန်လင်းမြို့သည် မည်သည့် နိုင်ငံများနှင့် ကုန်သွယ်မှု ပြုလုပ်ခဲ့ကြသနည်း။


(ဂ) ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် မြန်မာနိုင်ငံ၌ ပထမဆုံး သတ်မှတ်ခြင်းခံရသည့်ရှေးဟောင်း ပျူမြို့ပြနိုင်ငံ သုံးမြို့ကို ဖော်ပြပါ။

(ဃ) သုဝဏ္ဏဘူမိ၏ ကုန်သွယ်ဖက် နိုင်ငံများကို ဖော်ပြပါ။

(င) ဝေသာလီ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဖော်ပြပါ။

၃။ ရှေးဟောင်းမြို့ပြနိုင်ငံများ ပေါ်ပေါက်လာခြင်း အကြောင်းရင်းကို ဆွေးနွေးပါ။ ထိုသို့ပေါ်ပေါက်လာခြင်းကြောင့် မည်သို့သော အကျိုးသက်ရောက်မှုများ ရှိခဲ့ပါသနည်း။

အခန်း(၂)မြို့များပေါ်ပေါက်လာခြင်း သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။



**အခန်း(၂)ပါ ပုံများ၏ ရင်းမြစ်များ**

ပုံ-၁ ရှေးဟောင်းမြို့ပြနိုင်ငံများပြမြေပုံ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၂ ဗိဿနိုးမြို့ဟောင်းမြေပုံ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၃ ဗိဿနိုးမြို့မှတူးဖော်ရရှိသော အိုးခွက်များ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၄ ဟန်လင်းမြို့ဟောင်းမြေပုံ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၅ ဟန်လင်းမြို့ဟောင်း မြို့ဝင်တံခါး (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၆ ဟန်လင်းမြို့ဟောင်းရှိ ကမ္ဘာ့အမွေအနှစ်အမှတ်အသားကျောက်တိုး (https://en.wikipedia.org/wiki/Hanlin,Burma) (10 06 2018)

ပုံ-၇ ဟန်လင်းမြို့ဟောင်းမှတူးဖော်ရရှိသော ပစ္စည်းများ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၈ ဟန်လင်းဒင်္ဂါးများ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၉ သရေခေတ္တရာမြို့ဟောင်းမြေပုံ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၁၀ သရေခေတ္တရာမြို့ရိုးပုံ (သရေခေတ္တရာအမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့မှ ရရှိသည်)

ပုံ-၁၁ သရေခေတ္တရာမြို့မှ ရရှိသောလက်ဝတ်တန်ဆာများ (သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ-၁၂ စေတီပုံဖော်ထားသော အုတ်ခွက် (United Nations Educational, Science and Cultural Organzation (UNESCO)) (09 07 2018)

# အခန်း(၃)

# ရှေးဟောင်းမြန်မာနိုင်ငံပေါ်ပေါက်လာခြင်း

## နိဒါန်း

ဤအခန်းတွင် ပုဂံဧကရာဇ်နိုင်ငံ ပေါ်ပေါက်လာပုံ၊ အင်အားကြီးမားလာပုံနှင့် ယဉ်ကျေးမှုအဆင့်အတန်းတိုးတက်လာခဲ့ပုံတို့ကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။ ရှေးဟောင်းမြို့ပြနိုင်ငံများ ပေါ်ပေါက်လာပုံနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာပုံကို အခန်း ၂ တွင် သိရှိခဲ့ပြီး ဖြစ်သဖြင့် ပုဂံဧကရာဇ်နိုင်ငံနှင့် နှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်သည်။ ဤအခန်းကိုသင်ယူပြီးပါက ပုဂံဧကရာဇ် နိုင်ငံပေါ်ပေါက်လာပုံ၊ ပုဂံခေတ်စီးပွားရေး၊ လူမှုရေးနှင့်စာပေ၊ ဗိသုကာအနုပညာနှင့် လက်ရာအဆင့်အတန်းတို့ကို ဆွေးနွေးနိုင်မည် ဖြစ်သည်။

## ၃.၁။ ပုဂံဧကရာဇ်နိုင်ငံ

### ၃.၁.၁။ ပုဂံဧကရာဇ်နိုင်ငံပေါ်ပေါက်လာခြင်း

မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံများသည် ၉ ရာစု အေဒီအစပိုင်းတွင် ယိမ်းယိုင်ပြိုကွဲခဲ့သည်။ တကွဲတပြားစီဖြစ်နေသော တိုင်းရင်းသားများကို စုစည်းပြီး သမုဒ္ဒရာဇ်မင်းဆက်တို့သည် မြို့တော်ကို ယုန်လွတ်ကျွန်း၊ သီရိပစ္စယာ၊ တမ္ပဝတီနှင့် ပုဂံ စသည်ဖြင့် လေးနေရာပြောင်းရွှေ့ပြီး တည်ထောင်ခဲ့ကြသည်။ ပျဉ်ပြားမင်းလက်ထက် ၈၄၉ အေဒီတွင်ပုဂံကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ သရေခေတ္တရာပျက်စီးပြီးနောက်ထင်ရှားလာသောနိုင်ငံမှာပုဂံနိုင်ငံဖြစ်သည်။

ပုဂံဧကရာဇ်နိုင်ငံကို ပျူ၊ မွန်၊ ပလောင်၊ ကရင်၊ ပအိုဝ် (တောင်သူ)၊ သက်၊ ချင်း၊ ရခိုင်၊ ဗမာ၊ ရှမ်းစသော တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ပူးပေါင်းတည်ထောင်ခဲ့ကြသည်။ ပုဂံဒေသသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအနီးတွင် တည်ရှိသည် (ပုံ-၁)။ လမ်းပန်းဆက်သွယ်ရေးလွယ်ကူပြီး အသက်မွေးဝမ်းကျောင်း အတွက်စိုက်ပျိုးရေးကောင်းမွန်သော ဒေသများကို အခြေပြု၍ ပုဂံကိုတည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ကျောက်စာပါ အထောက်အထားများအရ မင်း ၁၄ ပါး ရှိခဲ့ကြောင်း သိရသည်။




ပုံ-၁ ပုဂံဧကရာဇ်နိုင်ငံပြမြေပုံ

## ၃.၁.၂။ ပုဂံခေတ်ရာဇ်နိုင်ငံအင်အားကြီးမားလာပုံ

### ၃.၁.၂.၁။ နိုင်ငံရေး

**အနော်ရထာမင်း** ၁၀၄၄-၁၀၇၇ အေဒီသည် ကွဲပြားနေသော ဒေသများကိုစုစည်း၍ နိုင်ငံတော် တည်ဆောက်မှုကို ဆောင်ရွက်ခဲ့ရသည်။ မြောက်ဘက်၌တကောင်းကို ဗဟိုပြုသော သက်၊ ကတူးတို့၏ သင်းတွဲပြည်၊ တောင်ဘက်၌ သရေခေတ္တရာ၊ မွန်တို့၏ ဥဿာပဲခူး၊ သထုံကို ဗဟိုပြုသော သုဝဏ္ဏဘူမိ ဟူ၍ အသီးသီးကွဲပြားနေသော ဒေသများကို စုစည်း၍ နိုင်ငံတော် တည်ဆောက်မှုကို ဆောင်ရွက်ခဲ့သည်။ ဦးစွာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်သည်အမှုထမ်း လုံလောက်မှုရှိစေရန် ဆယ်ပြုမြို့၊ ရာပြုမြို့၊ ထောင်ပြုမြို့များကို တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံ အရှေ့မြောက်ဘက်ရှိ ရန်သူတို့ဘေးရန်မှ ကာကွယ်နိုင်ရန် ဗန်းမော်မှ တောင်ငူတစ်လျှောက်တွင် ကင်းတပ်စခန်း ၄၃ မြို့ကို တည်ဆောက်ခဲ့သည်။ အနော်ရထာမင်းသည် အရည်အချင်းရှိသော ဘုရင်တစ်ပါးဖြစ်၍ ပြည်သူလူထုကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ ပြည်သူတို့၏ အင်အားကို နိုင်ငံတည်ဆောက်ရေးတွင် စနစ်တကျ အသုံးချနိုင်စွမ်း ရှိခဲ့သည်။

**စောလူးမင်း** ၁၀၇၇-၁၀၈၄ အေဒီသည် ဖခင်အနော်ရထာမင်းနောက် ပုဂံထီးနန်းကို ဆက်ခံသည်။ အရည်အချင်းမရှိသဖြင့် လက်အောက်ခံ ငရမန်ကန်း၏ ပုန်ကန်မှု ပေါ်ပေါက်လာသည်။ ထိုမင်းလက်ထက်တွင် နိုင်ငံစည်းရုံးမှု ပျက်ပြားခဲ့သည်။

**ကျန်စစ်သားမင်း** ၁၀၈၄-၁၁၁၃ အေဒီသည် အနော်ရထာမင်း တည်ထောင်ခဲ့သည့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည်။ ထိုစဉ်က တိုင်းပြည်အတွင်း မွန်လူမျိုးများ အများဆုံးနေထိုင်ခြင်းကြောင့် မွန်-ဗမာ ချစ်ကြည်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ မွန်ပညာရှိများကို နန်းတွင်း၌ မှူးမတ်များအဖြစ် ခန့်ထားသည်။ နန်းတက်ပွဲ အခမ်းအနားကို မွန်ဓလေ့ထုံးစံအတိုင်း ကျင်းပခဲ့သည်။ ထိုမင်းလက်ထက်တွင် တိုင်းပြည်အေးချမ်းသာယာခဲ့သည်။

**အလောင်းစည်သူမင်း** ၁၁၁၃-၁၁၆၀ အေဒီသည် ကျန်စစ်သားမင်း၏ မြေးတော်ဖြစ်သည်။ ထိုမင်းနန်းတက်စ၌ ပုသိမ်နှင့်တနင်္သာရီတို့တွင် ပုန်ကန်မှုများရှိခဲ့သော်လည်း တိုင်းပြည်တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

**နရသူမင်း** ၁၁၆၀-၁၁၆၅ အေဒီသည် အရည်အချင်းညံ့ဖျင်း၍ တိုင်းပြည်တိုးတက်ရေးအတွက် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပါ။

**နရပတိစည်သူမင်း** ၁၁၆၅-၁၂၁၁ အေဒီလက်ထက်တွင် နိုင်ငံကိုပြန်လည်စုစည်းကာ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ အရှေ့ဘက်တွင် သံလွင်၊ အနောက်ဘက်တွင် မဏိပူရ (ချင်းတောင်တန်း)၊ မြောက်ဘက်တွင် ငဆောင်ချမ်း၊ တောင်ဘက်တွင် ထားဝယ်နှင့် သလင်ကြေအငူအထိ ကျယ်ပြန့်သောနိုင်ငံကို ပြန်လည်စည်းရုံးနိုင်ခဲ့သည်။

**နရပတိစည်သူမင်းနောက်ဆက်ခံသောမင်းများ** လက်ထက်တွင် အရည်အချင်းညံ့ဖျင်းမှုကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်လာပြီး ပြည်ပအန္တရာယ်လည်း ဝင်ရောက်လာခဲ့သည်။

**နရသီဟပတေ့မင်း** ၁၂၅၆-၁၂၈၇ အေဒီသည် မွန်ဂိုတို့ရန်ကြောင့် ထွက်ပြေးရာ ပြည်မြို့အရောက်တွင် သားတော်သီဟသူ၏ လုပ်ကြံမှုကိုခံခဲ့ရသည်။ ပြည်တွင်းမညီညွတ်မှုကို အခွင့်ကောင်းယူကာ မွန်ဂိုတပ်များ ချီတက်လာပြီး သားတော်ကျော်စွာကို နန်းတင်ခဲ့သည်။ **ကျော်စွာမင်း** လက်ထက်တွင် ရှမ်းညီနောင်သုံးဦးတို့ အင်အားကောင်းလာသည်။ နရသီဟပတေ့မင်း လက်ထက်တွင် အုပ်ချုပ်ရေးညံ့ဖျင်းမှုကြောင့် ပြည်တွင်း

မငြိမ်မသက် ဖြစ်ပေါ်မှုနှင့်အတူ မွန်ဂိုတို့၏ ကျူးကျော်မှုကို ခံခဲ့ရသည်။ မြန်မာတို့က ငဆောင်ချမ်းအရပ်မှ မွန်ဂိုတပ်များကို ဆီးကြိုတိုက်ခိုက်သော်လည်း အောင်မြင်မှု မရခဲ့ပေ။ မွန်ဂိုတပ်များက ဆက်လက်တိုက်ခိုက်ပြီး ပုဂံကို သိမ်းပိုက်ခဲ့သည်။ ထို့နောက် သံတမန်ရေးရာတွင် ကျွမ်းကျင်မှုရှိသော ရှင်ဒိသာပါမောက်ကို စစ်ပြေငြိမ်းရန် ပီကင်းသို့စေလွှတ်ခဲ့ရာ မွန်ဂိုတပ်များဆုတ်ခွာခဲ့သည်။ ကျော်စွာမင်းလက်ထက်တွင် ပုဂံဝန်းကျင်၌သာ ဩဇာသက်ရောက်တော့သည်။ ယခင်က တစည်းတလုံးတည်း ရှိခဲ့သော တိုင်းရင်းသားတို့ကလည်း ဗဟိုအုပ်ချုပ်ရေး ပျက်ပြားလာသဖြင့် တော်လှန်ပုန်ကန်မှုများ ရှိလာသည်။ အင်အားကောင်းလာသော ရှမ်းညီနောင်သုံးဦးတို့သည် ကျောက်ဆည်ကို အခြေပြု၍ ပဒေသရာဇ်နိုင်ငံသစ်များ တည်ထောင်လာခဲ့ကြသည်။ ပြည်တွင်းမငြိမ်သက်မှုနှင့် ပြည်ပကျူးကျော်မှုတို့ကြောင့် **စောနစ်မင်း** လက်ထက်တွင် ပုဂံဧကရာဇ်နိုင်ငံကြီး ပျက်စီးခဲ့ရသည်။

## အဓိကအချက်များ

- ပုဂံဧကရာဇ်နိုင်ငံကို တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ပူးပေါင်းတည်ထောင်ခဲ့ကြသည်။
- ပုဂံဧကရာဇ်နိုင်ငံသည် အနော်ရထာမင်း လက်ထက်မှစ၍ အင်အား တောင့်တင်းလာခဲ့သည်။
- လမ်းပန်းဆက်သွယ်ရေး လွယ်ကူပြီး စိုက်ပျိုးရေး ကောင်းမွန်သော ဒေသများကို အခြေပြု၍ ပုဂံကို တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။
- အနော်ရထာမင်းသည် နိုင်ငံတော်ကာကွယ်ရေးကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူ့အင်အားကို စနစ်တကျ အသုံးချနိုင်ခဲ့သည်။
- ကျန်စစ်သားမင်းသည် အနော်ရထာမင်း တည်ထောင်ခဲ့သည့် ပုဂံနိုင်ငံ တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက် ကြိုးပမ်းခဲ့သည်။
- ကျန်စစ်သားမင်း လက်ထက်တွင် မွန်-ဗမာ ချစ်ကြည်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။
- အလောင်းစည်သူမင်းသည် တိုင်းပြည် တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်နိုင်ခဲ့သည်။
- နရသူမင်းသည် အရည်အချင်းညံ့ဖျင်း၍ တိုင်းပြည် တိုးတက်စေရန် မဆောင်ရွက်နိုင်ခဲ့ပါ။
- နရပတိစည်သူမင်းသည် နိုင်ငံကို ပြန်လည် စုစည်းကာ တိုးတက်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။
- နရပတိစည်သူမင်းနောက် အုပ်ချုပ်သော မင်းများလက်ထက်တွင် အရည်အချင်း ညံ့ဖျင်း၍ တိုင်းပြည် မငြိမ်မသက် ဖြစ်လာခဲ့သည်။
- စောနစ်မင်း လက်ထက်တွင် ပြည်တွင်းညီညွတ်မှု မရှိခြင်းကြောင့် ပြည်ပကျူးကျော်မှု ဖြစ်ပေါ်လာပြီး ပုဂံဧကရာဇ်နိုင်ငံကြီး ပျက်စီးခဲ့ရသည်။

### ၃.၁.၂.၂။ စီးပွားရေး

အနော်ရထာမင်းသည် ပုဂံဒေသကို အခိုင်အမာစုစည်းနိုင်ရေးအတွက် စီးပွားရေးအခြေခံ တောင့်တင်းရေးကို ဆောင်ရွက်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစီးပွားရေးဖြစ်သည်။ မိုးနည်းရပ်ဝန်းဖြစ်၍ ဆည်မြောင်းဖြင့် ရေသွယ်ယူ၍ စိုက်ပျိုးသော နည်းပညာကို အသုံးပြုသည်။ စိုက်ပျိုးရေးအတွက် အရေးပါသော ဆည်များကို တည်ဆောက်ခဲ့သည်။ ကျောက်ဆည်နယ်ရှိ ပန်းလောင်မြစ်၊ ဇော်ဂျီမြစ်တို့ကို အမှီပြုကာ ဆည်ကြီး ၇ ခုကို တူးဖော်ခဲ့သည်။ ပန်းလောင်မြစ်တွင် ကင်းတားဆည်၊ ငနိုင်းသင်ဆည်၊ ပြောင်းပြာဆည်နှင့် ကူမဲဆည်၊ ဇော်ဂျီမြစ်တွင် နွားတက်ဆည်၊ ကွမ်းဆေးဆည်နှင့် ဂူတော်ဆည်များကို တည်ဆောက်ခဲ့သည်။ မိတ္ထီလာကန်ကိုလည်း ပြန်လည်ပြင်ဆင်ခဲ့သည်။ ထို့ကြောင့် ကျောက်ဆည်နယ်နှင့် မိတ္ထီလာနယ်တို့သည် ပုဂံနိုင်ငံ၏ စပါးကျီများဖြစ်လာ၍ စီးပွားရေးသော့ချက် ဖြစ်ခဲ့သည်။

စိုက်ပျိုးရေးတွင် လယ်၊ ယာ၊ ကိုင်းနှင့် ဥယျာဉ်ခြံဟူ၍ လေးမျိုးရှိသည်။ လယ်တွင် စပါးစိုက်သည်။ ယာတွင် လူး၊ ဆပ်၊ ပြောင်း၊ မုယော၊ နှမ်းစသည်တို့ကို စိုက်သည်။ ကိုင်းတွင်ပဲကြီး၊ ပဲလွန်း၊ ကုလားပဲ၊ ဖရုံ၊ သခွား၊ ကြက်သွန်ဖြူ စသည်တို့ကို စိုက်သည်။ ဥယျာဉ်ခြံတွင် သရက်၊ ပိန္နဲ၊ ငှက်ပျောစသည်တို့ကို စိုက်ပျိုးသည်။ ပုဂံခေတ်တွင် စိုက်ပျိုးရေးသာမက အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော သီဟိုဠ် (သီရိလင်္ကာ)၊ မလေး (မလေးရှား)၊ ယိုးဒယား (ထိုင်း)၊ အိန္ဒိယတောင်ပိုင်းပြည်နယ်များနှင့် ကူးသန်းရောင်းဝယ်ခဲ့သည်။ ပုသိမ်၊ သထုံနှင့်မြိတ်မြို့သည် ထိုစဉ်က အရှေ့တောင်အာရှ ကုန်သွယ်ရေးတွင် အရေးပါခဲ့သည်။

ပုဂံခေတ်တွင် ငွေကြေးစနစ် မရှိသေးပေ။ ကုန်ပစ္စည်းချင်း ဖလှယ်သည့်နည်းကို အသုံးပြုကြသည်။ သတ္တုတစ်မျိုးမျိုးကို ချိန်တွယ်၍ ရောင်းဝယ်ရေးအတွက် အသုံးပြုခဲ့ကြသည်။ ရွှေနှင့်ငွေကိုလည်း ချိန်တွယ်၍ အသုံးပြုကြောင်း တွေ့ရှိရသည်။

## အဓိကအချက်များ

- ပုဂံခေတ် စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးဖြစ်သည်။
- ပုဂံဒေသကို အခိုင်အမာ စုစည်းနိုင်ရေးအတွက် စီးပွားရေးအခြေခံ ကောင်းစေရန် ဆောင်ရွက်ခဲ့သည်။
- ကျောက်ဆည်နယ်နှင့် မိတ္ထီလာနယ်တို့သည် ပုဂံနိုင်ငံ၏ စပါးကျီများဖြစ်လာ၍ စီးပွားရေး သော့ချက် ဖြစ်ခဲ့သည်။
- ပုဂံဒေသတွင် စိုက်ပျိုးရေးသာမက အိမ်နီးချင်း နိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ခဲ့သည်။
- ပုဂံခေတ်တွင် ပုသိမ်၊ သထုံနှင့် မြိတ်မြို့သည် အရှေ့တောင်အာရှ ကုန်သွယ်ရေးအတွက်အရေးပါခဲ့သည်။
- ပြည်တွင်းကုန်သွယ်မှုများအတွက် အလေး၊ အချိန်အတွယ်များကို စနစ်တကျ ဖြစ်စေခဲ့သည်။

### ၃.၁.၂.၃။ လူမှုရေး

ပုဂံခေတ်တွင် အုပ်ချုပ်သူမင်းနှင့် အုပ်ချုပ်ခံတိုင်းသူပြည်သားများ ရှိသည်။ ကျောက်စာပါအထောက်အထားများအရ ထိုခေတ်၏ လူမှုအဆင့်အတန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုပါ သိရသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အဓိကအားဖြင့် ၅ မျိုးခွဲနိုင်သည်။ ၎င်းတို့မှာ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများ၊ အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ၊ သဘင်လုပ်ငန်းများနှင့် အထွေထွေ လုပ်ငန်းများ ဖြစ်သည်။ ပုဂံခေတ်တွင် မိသားစုကို အခြေခံသော ခိုင်ခံ့သည့် လူမှုအဖွဲ့အစည်း ရှိနေပြီဖြစ်သည်။

**အဓိကအချက်များ**

- ပုဂံခေတ်တွင် အုပ်ချုပ်သူမင်းနှင့် အုပ်ချုပ်ခံပြည်သူ ရှိသည်။
- အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အဓိကအားဖြင့် ၅ မျိုးခွဲနိုင်သည်။
- မိသားစုကို အခြေခံသော ခိုင်ခန့်သည့် လူမှုအဖွဲ့အစည်းရှိသည်။

### ၃.၁.၂.၄။ ယဉ်ကျေးမှု

### ၃.၁.၂.၄.၁။ ကိုးကွယ်ယုံကြည်မှု

အနော်ရထာမင်းသည် သထုံပြည်မှ ရှင်အရဟံ၏ အကူအညီဖြင့် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ အနော်ရထာမင်းလက်ထက်တွင် ဘာသာရေးကို အခြေခံ၍ သီဟိုဋ္ဌ (သီရိလင်္ကာ)စသောနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး တည်ဆောက်ခဲ့သည်။ အလောင်းစည်သူမင်းလက်ထက် တွင် အိန္ဒိယ၊ သီဟိုဋ္ဌ (သီရိလင်္ကာ)၊ မလေးကျွန်းဆွယ် (မာလာယု) စသည့် နိုင်ငံများနှင့် သာသနာရေး၊ ချစ်ကြည်ရေးတို့အတွက် အပြန်အလှန် ဆက်ဆံခဲ့သည်။

### ၃.၁.၂.၄.၂။ စာပေ၊ ဗိသုကာနှင့်အနုပညာ

ပုဂံခေတ်တွင် အလျှုအတန်း ပြုလုပ်သည့်အခါ ကျောက်စာဖြင့် မှတ်တမ်းတင်လေ့ရှိသည်။ ပုဂံခေတ်စာပေအရေးအသားများကို ကျောက်စာများ၌ ပါဠိ၊ မွန်ဘာသာတို့ဖြင့် ရေးထိုးခဲ့သည်ကိုတွေ့ရသည်။ ခေတ်ဦးတွင်မွန်ဘာသာဖြင့်အများဆုံးရေးထိုးခဲ့သည်။ ကျန်စစ်သားမင်းလက်ထက် ပုဂံဒေသ၊ မြင်းကပါအရပ်၌ ရေးထိုးခဲ့သော မြစေတီကျောက်စာတွင် ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ စသည့် ဘာသာ ၄ မျိုးဖြင့် ရေးထိုး ခဲ့ကြောင်းတွေ့နိုင်သည် (ပုံ-၂)။ ကျန်စစ်သားမင်းသည် မွန်စာပေနှင့် ယဉ်ကျေးမှုကို အားပေးခဲ့သည်။ ထို့အပြင် နန်းတက်မော်ကွန်း ကျောက်စာတိုင်ကိုလည်း မွန်ဘာသာဖြင့် ရေးထိုးခဲ့သည်။ နရပတိစည်သူမင်း လက်ထက်တွင် မြန်မာစာအရေးအသား တိုးတက်လာသည်။ ကျောက်စာများ၊ ခေါင်းလောင်းစာများ၊ လေးလုံးစပ်လင်္ကာများ စသည်တို့ ထွန်းကားခဲ့သည်။



ပုံ-၂ မြစေတီကျောက်စာ

ပုဂံခေတ်တွင် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်မှု ရှိခဲ့သဖြင့် ၎င်းယဉ်ကျေးမှုအပေါ် အခြေခံ၍ ပြောင်မြောက်သော ဗိသုကာလက်ရာများကို တွေ့ရသည်။ ပုဂံခေတ်အစောပိုင်း ဆောက်လုပ်ခဲ့သော စေတီပုထိုးများ၏ ပန္နက်ပုံနှင့် တည်ဆောက်ပုံမှာ အခြေခံအားဖြင့် ပျူပုံစံဖြစ်သော်လည်း အတွင်း၊ အပြင်တန်ဆာဆင်မှုများနှင့် အခြားသော ဗိသုကာဆိုင်ရာ အင်္ဂါရပ်တို့မှာ အဓိကအားဖြင့် မွန်ပုံစံ ဖြစ်သည်။

နရသူမင်းလက်ထက်တွင် ဗိသုကာပညာတွင် ခမ်းနားကြီးကျယ်လှသော ဓမ္မရံကြီးဘုရားကို တည်ဆောက်နိုင်ခဲ့သည် (ပုံ-၃)။



ပုံ-၃ ဓမ္မရံကြီးဘုရား

မွန်ပုံစံဖြင့် တည်ဆောက်ထားသည့် ပုဂံခေတ်ပိဋကတ်တိုက်၊ အနုပညာလက်ရာများကို ပုထိုးသားများဘုရား၊ နဂါးရုံဘုရား၊ အပယ်ရတနာဘုရား၊ ရွှေစည်းခုံစေတီနှင့် အာနန္ဒာစေတီ (ပုံ-၄)တွင် ယနေ့တိုင်တွေ့မြင်နိုင်သည်။



ပုံ-၄ အာနန္ဒာစေတီ

စေတီ၊ ဂူများဆောက်လုပ်ရာတွင် အဆောက်အအုံအတွင်း အုတ်စီပုံစနစ်ကျခြင်း၊ ထုထည်နှင့် အလေးချိန်ကောင်းမွန်ခြင်း၊ အလင်း အမှောင်ယူပုံစနစ်ကျခြင်းတို့ကို တွေ့ရသည်။ စေတီအမျိုးမျိုး၊ ဂူဘုရားကြီးငယ် အမျိုးမျိုးတို့တွင် ပန်းချီ၊ ပန်းပု၊ အင်္ဂတေ ပန်းလက်ရာများကို တွေ့ရသည့်အပြင် ဂူဘုရားများရှိ နံရံဆေးရေး ပန်းချီလက်ရာများ ကောင်းမွန်လှသည် (ပုံ-၅)။ ပန်းချီ၊ ပန်းရံ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းထိမ်၊ ပန်းပဲ အနုပညာတို့၏ မြင့်မားသော အဆင့်အတန်းကို တွေ့ရသည်။



ပုံ-၅ နန်းတော်ပုံ

နှစ်ပေါင်း ၄၀၀ ကာလအတွင်း လက်ရာကောင်းသော သာသနာရေး အဆောက်အအုံများစွာကိုတည်ဆောက်နိုင်ခြင်းသည် နည်းပညာနှင့် ကျွမ်းကျင်သောအလုပ်သမားများကိုအသုံးပြုနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ အမိုးခုံးများ၊ ပေါင်းကူးများအသုံးပြုသောနည်းပညာကို ၁၃ ရာစုအထိ အိန္ဒိယနိုင်ငံနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများတွင် အသုံးမပြုသေးသော်လည်း ပုဂံတွင် ၄င်းနည်းပညာကို အများဆုံး အသုံးပြုထားသည်ကို တွေ့ရသည်။ ၎င်းနည်းပညာသည် သရေခေတ္တရာမှ ပုဂံသို့ ရောက်ရှိလာခြင်းဖြစ်ပြီး ပုဂံသားတို့က ပို၍ကောင်းမွန်အောင် ဖန်တီးခဲ့ခြင်းဖြစ်သည်။

## အဓိကအချက်များ

- ♦ အနော်ရထာမင်း၏ ဆောင်ရွက်ချက်ကြောင့် ပုဂံနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားလာခဲ့သည်။
- ♦ ပုဂံဒေသ၊ မြင်းကပါ အရပ်ရှိ မြစေတီကျောက်စာကို ပျူ မွန်၊ မြန်မာ၊ ပါဠိ ဘာသာ ၄ မျိုးဖြင့် ရေးထိုးခဲ့သည်။
- ♦ ပုဂံခေတ် စေတီပုထိုးများ၏ တည်ဆောက်ပုံမှာ အခြေခံအားဖြင့် ပျူပုံစံဖြစ်ပြီး အတွင်းတန်ဆာဆင်မှုမှာ  မွန်ပုံစံဖြစ်သည်။
- ♦ ပုဂံခေတ် စေတီပုထိုး ဂူဘုရားများ၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အုတ်စီပုံစနစ်ကျခြင်း၊ ထုထည်နှင့် အလေးချိန် ကောင်းမွန်ခြင်း၊ အလင်းအမှောင်ယူပုံ စနစ်ကျခြင်းတို့ကို တွေ့ရသည်။
- ♦ ပုဂံခေတ်တွင် ဂူဘုရားများရှိ နံရံဆေးရေး ပန်းချီလက်ရာများ ကောင်းမွန်လှသည်။
- ♦ ပုဂံခေတ် အဆောက်အအုံများ ဆောက်လုပ်ရာတွင် နည်းပညာသာမက ကျွမ်းကျင်လုပ်သားများပါ ကောင်းရန် လိုအပ်သည်။

## လေ့ကျင့်ရန်မေးခွန်းများ


**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ ပုဂံဧကရာဇ်နိုင်ငံ ပေါ်ပေါက်လာပုံကို ရှင်းပြပါ။

၂။ ပုဂံဧကရာဇ်နိုင်ငံကို အောက်ပါရှုထောင့်များမှ ဆွေးနွေးတင်ပြပါ။
(၁) နိုင်ငံရေး (၂) စီးပွားရေး (၃) လူမှုရေး (၄) ယဉ်ကျေးမှု

၃။ ပုဂံခေတ် ထင်ရှားသော စေတီ၊ ဂူဘုရားများ အမည်စာရင်းပြုစုပါ။ (စာကြည့်တိုက်မှ စာအုပ်များကို ဖတ်ရှုလေ့လာ၍)

အခန်း(၃) ရှေးဟောင်းမြန်မာနိုင်ငံပေါ် ပေါက်လာခြင်းသင်ခန်းစာတွင်သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




**အခန်း(၃)ပါပုံများ၏ ရင်းမြစ်များ**

ပုံ-၁ Bagan.(n.d.).Myanamr Vertex ဝက်ဘ်ဆိုက်မှ ရယူသည်၊ https://myanmarvertextravel.com/destinations/bagan (10 07 2018)

ပုံ-၂ *Myazedi Inscription*(2017). Wikipedia ဝက်ဘ်ဆိုက်မှရယူသည်၊ https://en.wikipedia.org/wiki/Myazedi_inscription (19 07 2018) .

ပုံ-၃ သန်းထွန်း၊ (၁၉၆၉)၊ မြန်မာရာဇဝင်စာတမ်းအမှတ် ၁- ခေတ်ဟောင်း မြန်မာ့ရာဇဝင်၊ မဟာဒဂုံစာပေထုတ်ဝေရေး၊ ရန်ကုန်၊ စာ (၂၅၈)။

ပုံ-၄ *Dhammayangyi Temple*(2017). Wikipedia ဝက်ဘ်ဆိုက်မှရယူသည်၊ https://en.wikipedia.org/wiki/Dhammayangyi_Temple (20 07 2018) .

**အခန်း(၃)မှီငြမ်းစာအုပ်စာတမ်းစာရင်း**

ဘမောင်တင်၊ဦး (၁၉၅၆)၊ မြန်မာစာပေသမိုင်း၊ သုဓမ္မဝတီ-ကျောင်းသုံးစာအုပ်ထုတ်ဝေသောဌာန။

သန်းထွန်း၊ (၁၉၆၉)၊ မြန်မာရာဇဝင်စာတမ်းအမှတ် ၁- ခေတ်ဟောင်း မြန်မာ့ရာဇဝင်၊ မဟာဒဂုံစာပေထုတ်ဝေရေး၊ ရန်ကုန်။

*Phuket: History*(2002). Thaiwaysဝက်ဘ်ဆိုက်မှ ရယူသည်၊ https://www.thaiwaysmagazine.com/phuket/phuket_history.html (22 08 2018).

# အခန်း(၄)

# ၄။ လူ့အဖွဲ့အစည်း၏ မူလအစ

## ၄.၁။ အစားအစာကိုလိုက်လံရှာဖွေရသည့်အမဲလိုက်မှုဆိုးများ

**နိဒါန်း**

မြန်မာ့သမိုင်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် ခေတ်အလိုက် တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်တို့ကို လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။ ကျောင်းသားများအနေဖြင့် ဆက်လက်၍ကမ္ဘာပေါ်တွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များပေါ်ထွန်းခဲ့ပြီး လူ့အဖွဲ့အစည်း သမိုင်း၏မူလအစနှင့် အစားအစာကို ရှာဖွေစားသောက်သည့်အဆင့်မှ ဖန်တီးထုတ်လုပ်သည့်အဆင့်သို့ ပြောင်းလဲတိုးတက်လာပုံကို လေ့လာသင် ယူမည် ဖြစ်သည်။

### ၄.၁.၁။ သမိုင်းကြိုခေတ် (ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်)

### ၄.၁.၁.၁။ ကျောက်ခေတ်

လူ့အဖွဲ့အစည်းသည် တစ်ခေတ်မှ တစ်ခေတ်သို့ တိုးတက်ပြောင်းလဲနေပါသည်။ မျက်မှောက်ကာလ ကမ္ဘာပေါ်တွင် ခေတ်မီအသုံးအဆောင် ပစ္စည်းကိရိယာများ အလွယ်တကူရရှိနိုင်သော်လည်း သမိုင်းကြိုခေတ်တွင် ရှေးဦးလူတို့သည် ကျောက်လက်နက်ပစ္စည်းများဖြင့် ခက်ခဲပင်ပန်းစွာ ရှာဖွေစားသောက်ကြရသည်။ ထို့ကြောင့်ထိုကာလကို ကျောက်ခေတ်ဟု ခေါ်သည်။ ကျောက်ခေတ်ကာလကို ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းဟု သတ်မှတ်သည်။

#### ၄.၁.၁.၁.၁။ ကျောက်ခေတ်ဦး




ပုံ-၁ ကျောက်လက်နက်ပြုလုပ်ပုံ

ကျောက်ခေတ်ဦးတွင် ရှေးဦးလူသားတို့အသုံးပြုသော ကျောက်လက်နက်များမှာ ကျောက်သားကို ထုခွဲပြုလုပ်ထားသည့် လက်ကိုင်ရိုးမပါသော ကျောက်ပုဆိန်များပင် ဖြစ်သည် (ပုံ-၁)။ ဤကျောက်ပုဆိန်မျိုးများကို ဥရောပ၊ အာရှနှင့် အာဖရိကတို့တွင် နေရာအနှံ့အပြား၌ တွေ့ရသည်။ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာပြီး အလေ့ကျပေါက်နေသော အပင်များမှ အသီးအနှံများကို ရှာဖွေစားသောက်ခြင်း၊ အမဲလိုက်ခြင်းတို့ဖြင့် အသက်မွေးကြသည်။ ထို့ကြောင့် ကျောက်ခေတ်ဦးလူသားတို့၏ လူနေမှုအဆင့်မှာ အစားအစာကို ရှာဖွေစားသောက်သည့် အဆင့်သာဖြစ်ကြသည်။

#### ၄.၁.၁.၁.၂။ ကျောက်ခေတ်လယ်

ကျောက်ခေတ်လယ်တွင် လူသားတို့၏ လူနေမှုအဆင့်တိုးတက်လာခဲ့သည်။ အပူအအေးကို ကာကွယ်ရန် ဂူများအတွင်း နေထိုင်လာကြသည်။ မီးကို စတင်အသုံးပြု၍ အစားအစာများကို မီးဖုတ်၍

လည်းကောင်း၊ မီးကင်၍ လည်းကောင်း စားသောက်လာကြသည် (ပုံ-၂)။




ပုံ-၂ ကျောက်ခေတ်လူသားများမီးအသုံးပြုပုံ

တောရိုင်းတိရစ္ဆာန်များကို မွေးမြူပြီး အလွယ်တကူ သတ်ဖြတ်စားသောက်ရန် အသိဉာဏ်ရှိလာသည်။ ကျောက်ခေတ်လယ်လက်နက်များသည် ကျောက်ခေတ်ဦးကထက် ပိုမိုချောမွေ့လာသည်။ ကျောက်သွားကို သစ်သားရိုးတပ်ပြီး ထိုးခုတ်ရန် အသုံးပြုလာကြသည်။ ကျောက်ခေတ်လယ်တွင် လူတို့သည် တိရစ္ဆာန်၏ အရေခွံကို အဝတ်လုပ်၍ ဝတ်ဆင်လာကြသည်။ လျှော်များဖြင့် ပိုက်ကွန်လုပ်၍လည်းကောင်း၊ တိရစ္ဆာန်၏ အရိုးဖြင့် ငါးမျှားချိတ်လုပ်၍လည်းကောင်း ငါးဖမ်းကြသည်။

## ၄.၁.၁.၁.၃။ ကျောက်ခေတ်နှောင်း

ကျောက်ခေတ်နှောင်းတွင် လူသားတို့၏ ယဉ်ကျေးမှုသည်သိသိသာသာ တိုးတက်လာသည်။ အစားအစာကို ရှာဖွေသူများ အဆင့်မှ အစားအစာကို ဖန်တီးသူများအဆင့်သို့ တိုးတက်ပြောင်းလဲလာသည်။ ကျောက်လက်နက်များကို ချောမွေ့အောင် သွေးယူလာနိုင်ကြသည်။ ကျောက်ခေတ်နှောင်းတွင် ရွံ့စေးဖြင့် အိုးခွက်များ ပြုလုပ်သုံးစွဲလာခြင်း၊ တိရစ္ဆာန်ကိုယဉ်ပါးအောင် မွေးမြူတတ်လာခြင်း၊ အစာရေစာပေါများ၍ မြေဩဇာကောင်းသောနေရာများတွင် အိုးအိမ်တည်ထောင်၍ နေထိုင်လာခြင်းတို့ ပြုလုပ်တတ်လာသည် (ပုံ-၃)။



ပုံ-၃ ကျောက်ခေတ်နှောင်းလူသားများ နေထိုင်ပုံ

ကျောက်ခေတ်နှောင်းတွင် လူသားများသည် တိရစ္ဆာန်များကို မွေးမြူရာ၌ အသားနှင့်အရေခွံအတွက် ဖမ်းဆီး၍ မွေးမြူကြသည်။ နောင်တွင် လူသားတို့ အဖော်အဖြစ် ခွေးကိုမွေးမြူလာကြသည်။ ဝန်တင်ရန်အတွက် နွားကိုလည်းကောင်း၊ လူစီးရန်အတွက် မြင်းကိုလည်းကောင်း မွေးမြူလာကြသည်။ ကျောက်ခေတ်နှောင်းလူသားတို့သည် လှည့်လည်သွားလာသော ဘဝကို စွန့်လွှတ်ပြီး ကျွဲ၊ နွားမွေးမြူရန်နှင့် ကောက်ပဲသီးနှံများ စိုက်ပျိုးရန် ရေရရှိသည့် နေရာများတွင် အိမ်ထောင်စု သုံးလေးစု စုပေါင်း၍ အိမ်ဆောက်ပြီး အတည်တကျနေလာကြသည်။ ဤသို့ဖြင့်ကျေးရွာငယ်များပေါ် ပေါက်လာပြီးစုပေါင်းလုပ်ကိုင်စားသောက်သောဓလေ့လည်းဖြစ်ထွန်းလာသည်။ လူဦးရေတဖြည်းဖြည်းများလာသောအခါ လူတို့သည် စုပေါင်းနေထိုင်မှု၏အကျိုးကို နှစ်သက်လာကြသည်။ ကျေးရွာအုပ်စုဘဝမှ မြို့ပြတည်ဆောက်၍ နေထိုင်သောအခြေအနေသို့ ပြောင်းလဲလာကြသည်။ မြို့ပြများ တည်ဆောက်သောအခါ မြို့၏လုံခြုံရေးအတွက် အုတ်တံတိုင်းကာရံကြသည်။ လူမျိုးအုပ်စုများကို အကြီးအကဲလုပ်သူက အုပ်ချုပ်သည်။

## ၄.၁.၁.၂။ ကြေးခေတ်၊ သံခေတ်

ကျောက်ခေတ်နှောင်း၏ နောက်ပိုင်းကာလတွင် ကြေး၊ သံသတ္တုများကို လက်နက်ပြုလုပ်သုံးစွဲလာကြသည်။ ထိုမှတစ်ဆင့် လူသုံးကုန်ပစ္စည်းများကို ရွှေ၊ ငွေ၊ ခဲ၊ ကြေးသတ္တုတို့ဖြင့် ပြုလုပ်လာသဖြင့် ကြေးခေတ်၊

သံခေတ်သို့ ရောက်ရှိလာခဲ့သည်။ ကြေးမထွက်သော အီဂျစ်ကဲ့သို့သော နိုင်ငံများကလည်း ကြေးထွက်သောနိုင်ငံများမှ ကြေးကိုမှာယူ၍သုံးစွဲကြသည်။ ကြေးသတ္တုကို ဘီစီ ၅၀၀၀ ခန့်ကပင်စတင် တွေ့ရှိပြီး ဘီစီ ၃၀၀၀ လောက်တွင် ကောင်းစွာအသုံးပြုတတ်လာသည်။

## အဓိကအချက်များ

- ကျောက်ခေတ်ဦး ကျောက်လက်နက်များမှာ ကျောက်သားကို ထုခွဲပြုလုပ်ထားသည့် လက်ကိုင်ရိုး မပါသော ကျောက်ပုဆိန်များပင်ဖြစ်သည်။
- ကျောက်ပုဆိန်မျိုးများကို ဥရောပ၊ အာရှနှင့် အာဖရိကတို့တွင် နေရာအနှံ့အပြား၌ တွေ့ရသည်။
- ကျောက်ခေတ်ဦး လူသားတို့သည် အစားအစာများကို ရှာဖွေစားသောက်သော အဆင့် ဖြစ်သည်။
- ကျောက်ခေတ်လယ်တွင် မီးကိုအသုံးပြုတတ်လာပြီး ဂူများအတွင်း နေထိုင်မှုပြုလာကြသည်။
- တိရစ္ဆာန်များကို မွေးမြူပြီး စားသောက်ရန် အသိဉာဏ်ရှိလာသည်။
- ကျောက်သွားကို သစ်သားရိုးတပ်ပြီး ထိုးခုတ်ရန် အသုံးပြုလာကြသည်။
- ကျောက်ခေတ်လယ်တွင် လူတို့သည် တိရစ္ဆာန်၏အရေခွံကို အဝတ်လုပ်၍ ဝတ်ဆင်လာကြသည့်အပြင် ငါးဖမ်းခြင်းအတတ်ပညာလည်း တတ်မြောက်လာသည်။
- ကျောက်ခေတ်နှောင်းတွင် အစားအစာကို ဖန်တီးသူများအဆင့်သို့ တိုးတက်ပြောင်းလဲလာသည်။
- ကျောက်လက်နက်များကို ချောမွေ့အောင် သွေးယူလာနိုင်ကြပြီး ရွှံ့စေးဖြင့်အိုးခွက်များ ပြုလုပ်သုံးစွဲလာခြင်း၊ တိရစ္ဆာန်ကို ယဉ်ပါးအောင် မွေးမြူတတ်လာခြင်းများ ပြုလုပ်တတ်လာသည်။
- အိုးအိမ်တည်ထောင်၍ နေထိုင်လာခြင်းတို့ ပြုလုပ်တတ်လာသည်။
- ကျောက်ခေတ်နှောင်းတွင် လူသားများသည် တိရစ္ဆာန်များကို မွေးမြူရာ၌အသားနှင့် အရေခွံအတွက်ဖမ်းဆီး၍ မွေးမြူကြသည်။
- ဝန်တင်ရန်အတွက် နွားကိုလည်းကောင်း၊ လူစီးရန်အတွက် မြင်းကိုလည်းကောင်း မွေးမြူလာကြသည်။
- ကျွဲ၊ နွားမွေးမြူရန်နှင့် ကောက်ပဲသီးနှံများ စိုက်ပျိုးရန် ရေရရှိသည့် နေရာများတွင် အိမ်ဆောက်ပြီး အတည်တကျနေလာကြသည်။
- ကျောက်ခေတ်နှောင်းတွင် စပေါင်းလုပ်ကိုင် စားသောက်သော ဓလေ့ပေါ် ပေါက်လာပြီး ပေါင်းစုနေထိုင်လာကြသည်။
- ကျောက်ခေတ်နှောင်း နောက်ပိုင်းတွင် ရှေးဦးလူတို့သည် လူသုံးပစ္စည်းများကို ကြေး၊ သံ သတ္တုတို့ဖြင့် ပြုလုပ်လာသဖြင့် ကြေးခေတ်၊ သံခေတ်သို့ ရောက်ရှိလာခဲ့သည်။

## လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ အောက်ပါတို့ကိုမှန်ကန်စွာယှဉ်တွဲပေးပါ။ တစ်ခုထက်ပိုတွဲနိုင်သည်။

| ဖြစ်ရပ် | ခေတ် |
|---|---|
| (က)မီးကိုစတင်အသုံးပြုခြင်း | (၁) ကျောက်ခေတ်ဦး |
| (ခ) အစာရှာဖွေစားသောက်ခြင်း | (၂) ကျောက်ခေတ်လယ် |
| (ဂ) တိရစ္ဆာန်များမွေးမြူခြင်း | (၃) ကျောက်ခေတ်နှောင်း |

၂။ ကျောက်ခေတ်ကာလကို မည်သို့ ပိုင်းခြားသတ်မှတ်ထားသနည်း။

၃။ ကမ္ဘာ့ကျောက်ခေတ်ဦးလူသားတို့ နေထိုင်စားသောက်ပုံကို ရှင်းပြပါ။

၄။ ကျောက်ခေတ်လယ်လူသားတို့၏ တီထွင်ကြံဆမှုကို တင်ပြပါ။

၅။ ကမ္ဘာပေါ်တွင် ကျောက်ခေတ်ဦးမှ ကျောက်ခေတ်နှောင်းသို့ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာပုံကို ဆွေးနွေးပါ။

၆။ ကြေးခေတ်၊ သံခေတ်အကြောင်း ရေးသားပါ။

Sources by ---------

https://www.bing.com/images/search?q=stone+ages&FORM=HDRSC2 (07.09.2018)

## ၄.၂။ စိုက်ပျိုးရေးနှင့်ကျေးလက်ဘဝ

### နိဒါန်း

ဤအခန်းတွင် စိုက်ပျိုးရေးလူ့အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိလာသည့် ဖြစ်စဉ်အဆင့်ဆင့်နှင့် လူတို့သည် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်အောင် မည်သို့နေထိုင်ခဲ့ကြသည်ကို လေ့လာသင်ယူမည်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် လူ့အဖွဲ့အစည်း၏ မူလအစနှင့် အစားအစာကို ရှာဖွေသည့်အဆင့်မှ ဖန်တီးထုတ်လုပ်သည့်အဆင့်သို့ တိုးတက်လာပုံကို လေ့လာသင်ယူပြီး ဖြစ်သည်။

ဤအခန်းကို သင်ယူပြီးပါက စိုက်ပျိုးရေးလူ့အဖွဲ့အစည်းအဖြစ်သို့ရောက်ရှိလာသည့်ဖြစ်စဉ်အဆင့်ဆင့်ကို နားလည်သဘောပေါက်ပြီး လူတို့သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် မည်သို့နေထိုင်ခဲ့သည်ကို ရှင်းပြတတ်မည်။

### ၄.၂.၁။ မက်ဆိုပိုတေးမီးယား




ပုံ-၁ မက်ဆိုပိုတေးမီးယားဒေသပြမြေပုံ



ပုံ-၂ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေပုံ

မက်ဆိုပိုတေးမီးယား (Mesopotamia) ဒေသသည် အနောက်အာရှရှိ "ယူဖရိတ်တီး (Euphrates)နှင့် တိုက်ဂရစ်(Tigris)မြစ်နှစ်သွယ်ကြားဒေသ" တွင် တည်ရှိသည် (ပုံ-၁)။ ထိုဒေသသည် နှစ်စဉ်မြစ်ရေလျှံလေ့ရှိသဖြင့် မြေသြဇာကောင်းသော ဒေသဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးသည် အဓိကလုပ်ငန်း ဖြစ်သည် (ပုံ-၂)။ စိုက်ပျိုးရေးအတွက် ဆည်မြောင်းများ ဖောက်လုပ်ခြင်း၊ တာတမံများတူးဖော်ခြင်း တို့ကိုပြုလုပ်ကြသည်။ မြစ်ရေကို သွယ်ယူပြီး စနစ်တကျ အသုံးပြုသည်။ စိုက်ပျိုးသီးနှံများမှာ ဂျုံ၊ စပါး၊

စွန်ပလွံ စသည့် အပင်များဖြစ်သည်။ စိုက်ပျိုးရေးအပြင် သိုး၊ နွား၊ မြင်းနှင့် ဆိတ်တို့ကိုလည်း မွေးမြူကြသည်။ ပန်းပု၊ ပန်းပဲ စသည့် လုပ်ငန်းများလည်း ရှိသည်။

မက်ဆိုပိုတေးမီးယားဒေသတွင် ဘီစီ ၄၀၀၀ ခန့်ကပင် ယဉ်ကျေးမှု စတင်ပေါ်ပေါက်ခဲ့သည်။ ယင်းယဉ်ကျေးမှုကို ခေတ်လေးခေတ် ပိုင်းခြားနိုင်သည်။ ၎င်းတို့မှာ-

(၁) ဆူမားရီယား (Sumeria) ခေတ်
(၂) ဘေဘီလိုနီးယား (Babylonia) ခေတ်
(၃) အာဆီးရီးယား (Assyria) ခေတ်
(၄) ကောလ်ဒီးယား (Chaldea) ခေတ်တို့ ဖြစ်ကြသည်။

### ၄.၂.၁.၁။ ဆူမားရီယားခေတ်



ပုံ-၃ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်နေပုံ

မက်ဆိုပိုတေးမီးယားဒေသ၏ တောင်ဘက်တွင်ရှိသော ဆူမားလွင်ပြင်တွင် ရှေးအကျဆုံး ယဉ်ကျေးမှု စတင်ထွန်းကားခဲ့သည်။ ၎င်းဒေသ၌ ဘီစီ ၄၅၀၀ခန့်က စတင်၍ မြို့ပြနိုင်ငံများ ထွန်းကားလာသည်။ ဆူမားရီးယန်း လူမျိုးစုတို့သည် ဉာဏ်ရည်ထက်မြက်သော ခေါင်းဆောင်များကို ဘုရားသခင်၏ စောင့်ရှောက်ခြင်းခံရသူများဟု ယူဆကြသည်။ ထို့ကြောင့် နိုင်ငံအုပ်ချုပ်ရေးစနစ်တွင် ဘာသာရေး လွှမ်းမိုးခဲ့သည်။ ယင်းခေတ်တွင် ကုန်ဖလှယ်သည့် စနစ်စတင်ခဲ့ပြီး ရွှေနှင့်ငွေကို လဲလှယ်ရေးမဏ္ဍိုင်အဖြစ် အသုံးပြုလာသည်။ ထို့ပြင် ကူးသန်းရောင်းဝယ်ရေးလည်း ထွန်းကားခဲ့သည် (ပုံ-၃)။

ဘီစီ ၂၄၅၀ ခန့်တွင် ဆူမားလွင်ပြင် မြောက်ပိုင်း၌ အာကတ် (Akkad) နိုင်ငံ ပေါ်ပေါက်လာသည်။ ထို့နောက် တောင်ပိုင်းဒေသကို တိုက်ခိုက်သိမ်းပိုက်ပြီး ဆူမားအာကတ် (Sumer Akkad) ပြည်ထောင်ကို ထူထောင်ခဲ့သည်။ ယင်းပြည်ထောင်သည် အနှစ်၂၀၀ ခန့်တည်တံ့ပြီးနောက် အချင်းချင်း အာဏာလုမှုများ ပေါ်ပေါက်ခဲ့ပြန်သည်။ ထိုကြောင့် ဆူမားရီးယားခေတ် ကုန်ဆုံးခဲ့သည်။

### ၄.၂.၁.၂။ ဘေဘီလိုနီးယားခေတ်

မက်ဆိုပိုတေးမီးယားဒေသရှိ ဆူမားအာကတ် ပြည်ထောင်သည် အာမိုရိုက် (Amorites) လူမျိုးများ လက်တွင်းသို့ ကျဆင်းသွားခဲ့သည်။ ဘေဘီလုံ(Babylon) မြို့ကိုအခြေပြုပြီး ဘေဘီလိုနီးယားနိုင်ငံနှင့် ဘေဘီလုံမြို့တော်ကို တည်ထောင်ခဲ့ကြသည်။ ၎င်းမြို့တော်ကိုအစွဲပြု၍ လူမျိုးစုကိုလည်း ဘေဘီလိုနီးယန်းဟု ခေါ်ကြသည်။

ဘေဘီလိုနီးယန်းလူမျိုးများသည်ဘီစီ ၂၃၀၀ နှင့် ဘီစီ ၂၀၀၀ အတွင်း၌ နိုင်ငံရေးအင်အားကြီးမား သော လူမျိုးစုများဖြစ်ခဲ့သည်။ ဘေဘီလိုနီးယား ဘုရင်များအနက် ဆဋ္ဌမမြောက် ဘုရင်ဖြစ်သော ဟာမူရာဘီ (Hammurabi) သည် ဘီစီ ၂၀၀၀ တွင် မက်ဆိုပိုတေးမီးယား တစ်ပြည်လုံးကို စုစည်း အုပ်စိုးခဲ့သည်။


ပုံ-၄ ဟာမူရာဘီကိုဥပဒေကျောက်စာ

၎င်းပြုစုခဲ့သော ဟာမူရာဘီ ကိုဥပဒေ (Code of Hammurabi) သည် ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော ဥပဒေကြီးဖြစ်သည် (ပုံ-၄)။ ထိုဥပဒေတွင်လူမှုရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး စသည်တို့လည်း ပါဝင်သည်။ ကြီးနိုင်ငယ်ညှင်းဝါဒကို နှိပ်ကွပ်သည်။ အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူ အခွင့်အရေး ပေးသည်။ အာဆီးရီးယားလူမျိုးများ ဝင်ရောက်တိုက်ခိုက်၍ ဘေဘီလိုနီးယားခေတ် ကုန်ဆုံးခဲ့သည်။

### ၄.၂.၁.၃။ အာဆီးရီးယားခေတ်


ပုံ-၅ အာဆီးရီးယန်းလူမျိုးတို့ စစ်တိုက်နေပုံ

ဒုတိယမြောက် ဆာရ်ဂွန်ဘုရင် လက်ထက်တွင် မက်ဆိုပိုတေးမီးယား တစ်ပြည်လုံးနှင့် အာရှမိုင်းနား ကျွန်းဆွယ်တစ်ဝန်းလုံးကို အာဆီးရီးယားတို့က သိမ်းယူလိုက်ကြသည်ထိုအချိန်ကစ၍ အာဆီးရီးယားအင်ပါယာကြီး ပေါ်ပေါက်လာသည်။ အာဆီးရီးယန်းလူမျိုးတို့သည် အင်အားကောင်းသော စစ်တပ်ကို ပိုင်ဆိုင်ခဲ့သည်။ သို့သော် အာဆီးရီးယန်းတို့သည် စစ်ရေးကိုသာ ဦးစားပေးခဲ့သဖြင့် စီးပွားရေးကျဆင်းကာ နိုင်ငံပြိုကွဲခဲ့သည် (ပုံ-၅)။

### ၄.၂.၁.၄ ကောလ်ဒီးယားခေတ်


ပုံ-၆ ဘေဘီလိုနီးယားနိုင်ငံသစ်

အာဆီးရီးယားနိုင်ငံ ပြိုကွဲသွားပြီးနောက် ယင်းဒေသတွင် ကောလ်ဒီးယားနှင့် မီးဒ်(Mede) လူမျိုးတို့ ခွဲဝေအုပ်ချုပ်ကြသည်။ မက်ဆိုပိုတေးမီးယားဒေသကို ကောလ်ဒီးယားတို့က ရရှိပြီး ဘေဘီလိုနီးယားနိုင်ငံသစ်ကို ထူထောင်ကြသည် (ပုံ-၆)။ ဘီစီ ၅၃၈ တွင် အရှေ့ဘက်မှ ပါရှန် (Persian) လူမျိုးတို့ တိုက်ခိုက်သဖြင့် ပျက်စီးခဲ့သည်။

## အဓိကအချက်များ

- မက်ဆိုပိုတေးမီးယားဒေသသည် အနောက်အာရှရှိ "ယူဖရိတ်တီးနှင့် တိုက်ဂရစ် မြစ်နှစ်သွယ်ကြား"တွင် တည်ရှိသည်။
- လယ်ယာစိုက်ပျိုးရေးသည် အဓိကလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးရေးအတွက် မြစ်ရေကို သွယ်ယူ၍ စနစ်တကျ အသုံးပြုသည်။
- စိုက်ပျိုးရေးအပြင် မွေးမြူရေးနှင့် လက်မှုလုပ်ငန်းများလည်း ရှိခဲ့သည်။
- မက်ဆိုပိုတေးမီးယားဒေသ ယဉ်ကျေးမှုကို ခေတ်လေးခေတ် ပိုင်းခြားနိုင်သည်။
- ဆူမားရီယားဒေသသည် ရှေးအကျဆုံး ယဉ်ကျေးမှုစတင်ထွန်းကားရာဒေသဖြစ်သည်။
- ဆူမားရီယားခေတ် နိုင်ငံအုပ်ချုပ်ရေးစနစ်တွင် ဘာသာရေးလွှမ်းမိုးခဲ့သည်။
- ဘေဘီလိုနီးယားခေတ်တွင် ဟာမူရာဘီ ကိုဓဥပဒေသည် ကမ္ဘာ့သမိုင်းတွင် ထင်ရှားခဲ့သော ဥပဒေကြီး ဖြစ်သည်။
- ဒုတိယမြောက် ဆာရ်ဂွန်ဘုရင်လက်ထက်တွင် အာဆီးရီးယားအင်ပါယာကြီး ပေါ်ပေါက်လာသည်။
- အာဆီးရီးယန်းခေတ်တွင် စစ်ရေးကိုသာ ဦးစားပေးခဲ့သဖြင့် စီးပွားရေး ကျဆင်းကာ နိုင်ငံပြိုကွဲခဲ့သည်။
- မက်ဆိုပိုတေးမီးယားဒေသကို ကောလ်ဒီးယားတို့က ရရှိပြီး ဘေဘီလိုနီးယားနိုင်ငံသစ်ကို ထူထောင်ကြသည်။

## လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ မှား/မှန်ရောထွေး အမှန်ရွေးပါ။

(က) မက်ဆိုပိုတေးမီးယား ယဉ်ကျေးမှုကို ခေတ် -------------- ခေတ်ပိုင်းခြားနိုင်သည်။
(၁) ၃ (၂) ၄ (၃) ၅

(ခ) ဆူမားရီးယားခေတ် နိုင်ငံအုပ်ချုပ်ရေးတွင် -------------- လွှမ်းမိုးခဲ့သည်။
(၁) စီးပွားရေး (၂) ဘာသာရေး (၃) စစ်ရေး

(ဂ) အာဆီးရီးယားခေတ်တွင် -------------- ကို ဦးစားပေးခဲ့သဖြင့် စီးပွားရေးကျဆင်းခဲ့သည်။
(၁) ပညာရေး (၂) ဘာသာရေး (၃) စစ်ရေး

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) မက်ဆိုပိုတေးမီးယားဒေသသည် ယူဖရိတ်တီးနှင့် --------------- မြစ်နှစ်သွယ်ကြားတွင် ရှိသည်။

(ခ) ဘေဘီလိုနီးယားခေတ်တွင် --------------- ဥပဒေသည် ထင်ရှားသော ဥပဒေကြီးဖြစ်သည်။

(ဂ) အာဆီးရီးယားခေတ်တွင် --------------- ကိုသာ ဦးစားပေးခဲ့သဖြင့် စီးပွားရေးကျဆင်းကာ နိုင်ငံ ပြိုကွဲခဲ့သည်။

၃။ ဘေဘီလိုနီးယားခေတ်အကြောင်း သင်သိသမျှ ပြောပြပါ။ ဟာမူရာဘီ ကိုဥပဒေပါ အချက်အလက်များကို ဆွေးနွေးပါ။

၄။ ကောလ်ဒီးယားခေတ်ပေါ်ပေါက်လာပုံကို တင်ပြပါ။

၅။ မက်ဆိုပိုတေးမီယားယဉ်ကျေးမှုတွင် မည်သည့်ခေတ်ကို သင်နှစ်သက်သနည်း။ အဘယ်ကြောင့်နည်း။

၆။ လူ့အဖွဲ့အစည်း၏ မူလအစတွင် အစားအစာကို ရှာဖွေစားသောက်ရာမှ မက်ဆိုပိုတေးမီးယားဒေသတွင် မည်သို့တိုးတက်လာပုံကို စာ ၁၀ ကြောင်းထက်မပိုဘဲ ရေးသားတင်ပြပါ။

Sources by ---------

https://www.bing.com/images/search?q=Mesopotamia+&FORM=HDRSC2 (12.09.2018)

## ၄.၂.၂။ အီဂျစ်

အီဂျစ်နိုင်ငံတွင် အဆင့်အတန်း မြင့်မားသော ယဉ်ကျေးမှုကြီး ထွန်းကားခဲ့သည်။ အီဂျစ်နိုင်ငံကို အာဖရိကတိုက် နိုင်းမြစ်ဝှမ်း (Nile Valley) ၌တည်ထောင်ခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုများ စတင်ထွန်းကား ရာဒေသဖြစ်သည်။ နိုင်းမြစ်သည် ကမ္ဘာပေါ်တွင် အရှည်ဆုံးမြစ်ဖြစ်သည်။ နိုင်းမြစ်ဝှမ်းဒေသသည် သဲကန္တာရများသာရှိပြီး မိုးအလွန်နည်းပါးသောကြောင့် စိုက်ပျိုးရေးအတွက် မြစ်ရေကိုသာ အားကိုးရသည်။ နှစ်စဉ် မြစ်ရေလျှံသဖြင့် မြေဩဇာအလွန်ကောင်းမွန်ပြီး စိုက်ပျိုးရေးလွန်စွာဖြစ်ထွန်းသည်။ နွားဖြင့်ဆွဲသော ထယ်ဖြင့် မြေကိုထွန်ယက်တတ်လာသည် (ပုံ-၁)။




ပုံ-၁ အီဂျစ်တို့၏ စိုက်ပျိုးရေးအတွက်ထွန်ယက်နေပုံ


နိုင်းမြစ်ဝှမ်း အထက်ပိုင်းနှင့် အောက်ပိုင်းတွင် မင်းနိုင်ငံတစ်ခုစီ တည်ထောင်လာခဲ့ကြသည်။ အီဂျစ်တို့၏ ယဉ်ကျေးမှုသည် နှစ်ပေါင်း ၈၀၀ အတွင်း တိုးတက်လာခဲ့သည်။ တူးမြောင်းသွယ်ခြင်း၊ အနုပညာစွမ်းရည်များ ဖော်ထုတ်လာခြင်း၊ ဓလေ့ထုံးတမ်းဥပဒေများကို အသုံးပြုလာခြင်း၊ စာရေးနည်းအတတ်ပညာကို စတင်တီထွင်လာခြင်း၊ (ပုံ-၂) သင်္ချာပညာ (ပုံ-၃) နှင့် ပြက္ခဒိန်အသုံးပြုလာခြင်းတို့ကို တွေ့ရှိရသည် (ပုံ-၄ နှင့် ပုံ-၅)။




ပုံ-၂ အီဂျစ်စာရေးနည်းပညာစတင်လာပုံ




ပုံ-၃ အီဂျစ်တို့၏ သင်္ချာပညာ




ပုံ- ၄ အီဂျစ်တို့၏ ပြက္ခဒိန်စတင် အသုံးပြုလာပုံ




ပုံ-၅ အီဂျစ်တို့၏ ယခုခေတ် ပြက္ခဒိန်

## ၄.၂.၂.၁။ မင်းနိုင်ငံဟောင်းခေတ်

ဘီစီ ၃၂၀၀ခန့်တွင် အီဂျစ်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို မီးနစ် (Menes) ဘုရင်က စုစည်းအုပ်ချုပ်ခဲ့သည်။ မီးနစ်ဘုရင်အပါအဝင် မင်းဆက်ခြောက်ဆက် အုပ်စိုးခဲ့သော ကာလကို မင်းနိုင်ငံဟောင်းခေတ် ဟုခေါ်သည်။ မင်းနိုင်ငံဟောင်းခေတ် ဖာရို (Pharoh) ဘုရင်များ လက်ထက်တွင် ကျွန်တို့၏ လုပ်အားဖြင့် ပိရမစ် (Pyramid) ကြီးများ (ပုံ-၆) နှင့် စဖင့် (Sphinx) ရုပ်တုများကို တည်ဆောက်ခဲ့ကြသည်(ပုံ-၇)။

ပိရမစ်များသည် ဖာရိုဘုရင်များ သေဆုံးသောအခါ ဂူအတွင်း မြှုပ်နှံရန်ဖြစ်သည်။ ဂါဇာ (Giza) အရပ်ရှိ ဘုရင်ကီအော့ (King Cheops)၏ ပိရမစ်ကြီးသည် လွန်စွာခမ်းနားသည်။ ဘီစီ ၂၃၀၀ တွင် မင်းနိုင်ငံဟောင်းခေတ် ပျက်သုဉ်းခဲ့သည်။



ပုံ-၆ ပိရမစ်ပုံ



ပုံ-၇ စဖင့်ရုပ်တုပုံ

## ၄.၂.၂.၂။ အလယ်မင်းနိုင်ငံခေတ်

တောင်ပိုင်းမှ မင်းသားတစ်ပါးက သီးဗီး (Thebes) မြို့တော်ကို ဗဟိုပြု၍ အီဂျစ်တစ်နိုင်ငံလုံးကို စုစည်းပြီး အလယ်မင်းနိုင်ငံကို ထူထောင်ခဲ့သည်။ နောက်ပိုင်းအုပ်ချုပ်သူ ဖာရိုဘုရင်များ၏ အရည်အချင်းညံ့ဖျင်းမှုကြောင့် ဘီစီ ၁၆၈၀ခန့်တွင် ဟစ်ဆော့ (Hyksos) လူမျိုးများ၏ ကျူးကျော်တိုက်ခိုက်မှုခံရပြီး အီဂျစ်အလယ်မင်းနိုင်ငံ ပျက်သုဉ်းသွားခဲ့ရသည်။ ဘီစီ ၁၅၈၀ ခန့်တွင် သီးဗီးမှ အီဂျစ်မင်းသား ပထမမြောက်

အားမိုးစ် (Amose) က ဟစ်ဆော့များကို အောင်မြင်စွာ တိုက်ထုတ်ခဲ့ပြီး မင်းနိုင်ငံသစ်ကို တည်ထောင်ခဲ့သည်။ ဘီစီ ၁၄၇၉ ခန့်တွင် တတိယမြောက် သွတ်မို့စ် (Thutmose) လက်ထက်၌ အီဂျစ်အင်ပါယာမှာ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

## အဓိကအချက်များ

- အီဂျစ်နိုင်ငံကို အာဖရိကတိုက် နိုင်းမြစ်ဝှမ်း၌ တည်ထောင်ခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုများ စတင်ထွန်းကားရာဒေသ ဖြစ်သည်။
- နိုင်းမြစ်သည် နှစ်စဉ်မြစ်ရေလျှံသဖြင့် မြေဩဇာ အလွန်ကောင်းမွန်ပြီး စိုက်ပျိုးရေး ဖြစ်ထွန်းသည်။
- မင်းနိုင်ငံဟောင်းခေတ် ဖာရိုဘုရင်များ လက်ထက်တွင် ကျွန်တို့၏ လုပ်အားဖြင့် ပိရမစ်ကြီးများနှင့် စဖင့်ရုပ်တုများကို တည်ဆောက်ခဲ့ကြသည်။
- ဂါဇာအရပ်ရှိ ဘုရင်ကီအော့၏ ပိရမစ်ကြီးသည် လွန်စွာခမ်းနားသည်။
- မင်းနိုင်ငံဟောင်းခေတ်၌ အုပ်ချုပ်သူဘုရင်ကို ဖာရို ဟုခေါ်ကြသည်။
- ဘီစီ ၁၄၇၉ ခန့်တွင် တတိယမြောက် သွတ်မို့စ် လက်ထက်၌ အီဂျစ်အင်ပါယာမှာ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

## လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ အောက်ပါ ကွက်လပ်များကိုဖြည့်ပါ။

(က) အီဂျစ်နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းသည် -------------- လုပ်ငန်းဖြစ်သည်။

(ခ) အီဂျစ်လူမျိုးများသည် စိုက်ပျိုးရေးအတွက် -------------- ဖြင့် ဆွဲသောထယ်ကိုအသုံးပြုသည်။

(ဂ) ဂါဇာအရပ်ရှိ ဘုရင်ကီအော့သည်ခမ်းနားကြီးကျယ်သော --------------ကြီးကိုတည်ဆောက်ခဲ့သည်။

(ဃ) မင်းနိုင်ငံဟောင်းခေတ်၌ အုပ်ချုပ်သူ ဘုရင်ကို -------------- ဟုခေါ်သည်။

(င) တတိယမြောက် -------------- လက်ထက်၌ အီဂျစ်အင်ပါယာသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

၂။ နိုင်းမြစ်ဝှမ်းဒေသသည် အဘယ်ကြောင့် စိုက်ပျိုးရေး ဖြစ်ထွန်းသနည်း။ အီဂျစ်တို့၏ စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာပုံကို ဖော်ပြပါ။

၃။ အီဂျစ်တို့၏ ယဉ်ကျေးမှုနှင့် နည်းပညာများ တိုးတက်လာပုံကို ဖော်ပြပါ။

Sources by ---------

https://www.bing.com/images/search?q=Egypt&FORM=HDRSC2 (17.09.2018)


## ၄.၃။ ရှေးဟောင်းယဉ်ကျေးမှုများ

### နိဒါန်း


ဤအခန်းတွင် ရှေးဟောင်းယဉ်ကျေးမှုထွန်းကားခဲ့သော ဂရိ၊ ရောမ၊ တရုတ်၊ အိန္ဒိယနှင့် အန်ကောနိုင်ငံတို့၏ ပထဝီဝင်အနေအထား၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုဖွဲ့စည်းပုံကို ဆန်းစစ်ရန်အတွက် လေ့လာသင်ယူမည် ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စိုက်ပျိုးရေး လူ့အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိလာသည့် ဖြစ်စဉ်အဆင့်ဆင့်ကို နားလည်စေပြီး လူတို့သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ခဲ့သည်ကို သိရှိခဲ့ပြီး ဖြစ်သည်။

ဤအခန်းကို သင်ယူပြီးပါက ရှေးဟောင်းယဉ်ကျေးမှု ထွန်းကားခဲ့သော ဂရိ၊ ရောမ၊ တရုတ်၊ အိန္ဒိယနှင့်အန်ကောနိုင်ငံတို့၏ ပထဝီဝင်အနေအထား၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုဖွဲ့စည်းပုံတို့ကို ဆန်းစစ်နိုင်မည် ဖြစ်သည်။

### ၄.၃.၁။ ဂရိ




ပုံ-၁ ဂရိကျွန်းဆွယ်



ပုံ-၂ ဂရိရှေးဟောင်းသင်္ဘော

ဂရိကျွန်းဆွယ်သည် မြေထဲပင်လယ် အရှေ့ပိုင်းတွင် တည်ရှိသည် (ပုံ-၁)။ ဂရိသမိုင်းစဉ်တွင် ဘုရင်များအုပ်စိုးသောခေတ်၊ မြေရှင်သူကောင်းမျိုးများ အုပ်စိုးသောခေတ်နှင့် မင်းဆိုးများ အုပ်စိုးသောခေတ်ဟူ၍ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည်။

ဂရိကျွန်းဆွယ်တွင် မြေပြန့်နည်းပါးခြင်း၊ မြေဩဇာညံ့ခြင်းတို့ကြောင့် စိုက်ပျိုးရေးကောင်းစွာ မဖြစ်ထွန်းပေ။ သို့သော် ရှည်လျားသည့်ကမ်းရိုးတန်း တည်ရှိသောကြောင့် ရေကြောင်းကုန်သွယ်ရေး ထွန်းကားခဲ့သည် (ပုံ-၂)။ ဘီစီ ၈၀၀ မှ ဘီစီ ၆၀၀ အတွင်းတွင် ဂရိမြို့ပြနိုင်ငံသားတို့သည် ကိုလိုနီနယ်သစ်ရှာဖွေခဲ့ကြသည်။

ပင်လယ်နက်ကမ်းခြေ၊ အာရှမိုင်းနားကျွန်းဆွယ်၊ အီတလီတောင်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းကမ်းခြေဒေသများတွင် ဂရိကိုလိုနီနယ်များ ထူထောင်လာကြသည်။ ဂရိတို့သည် အေဂီယန်ကျွန်းစု၊ ပင်လယ်နက်၊ စစ္စလီကျွန်း၊ ဆာဒီးနီးယား၊ စပိန်၊ ဆိုက်ပရပ်စ်ကျွန်း၊ အာဖရိကမြောက်ဘက်ကမ်းခြေတို့နှင့် အများဆုံး ကူးသန်းရောင်းဝယ်ခဲ့သည်။

ဂရိမြို့ပြနိုင်ငံများဖြစ်သော အေသင် (ပုံ-၃)နှင့် စပါတာ (ပုံ-၄) မြို့နိုင်ငံသားများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများတွင် အရေးပါခဲ့သည်။ ဂရိမြို့ပြအုပ်ချုပ်ရေးသည် ဘီစီ ၈၀၀ ခန့်မှစ၍ အုပ်ချုပ်ရေးပုံစံများ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်။




ပုံ-၃ အေသင်မြို့




ပုံ-၄ စပါတာမြို့

အေသင်မြို့ပြနိုင်ငံတွင် ဘီစီ၈၀၀ ထိ ဘုရင်စနစ်ကျင့်သုံးခဲ့သည်။ အေသင်ခေါင်းဆောင်ကလစ်သီးနတ် (Clisthenes) (ပုံ-၅) ကလည်း အုပ်ချုပ်ရေးတွင် လူအများပါဝင်နိုင်ရေးအတွက် ပြုပြင်ရေးများကို ထပ်မံပြုလုပ်ပေးခဲ့သည်။ ဂရိဘာသာစကားတွင် ဒီမို (Demo) ဆိုသည်မှာ ပြည်သူလူထု၊ ကရေစီ (cracy) ဆိုသည်မှာ အုပ်ချုပ်ရေးဖြစ်၍ ဒီမိုကရေစီ ဟူသောဝေါဟာရမှာ ပြည်သူလူထုအုပ်ချုပ်ရေးဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကလစ်သီးနတ်အား အေသင်ဒီမိုကရေစီ၏ ဖခင်ဟူ၍ မှတ်တမ်းတင်ခဲ့သည်။




ပုံ-၅ ကလစ်သီးနတ်



ပုံ-၆ ဆိုကရေးတီး

ဂရိရှေးဟောင်းယဉ်ကျေးမှုတွင် စဉ်းစားဆင်ခြင်မှုကို အခြေပြုသော အတွေးအခေါ်များလည်း ထွန်းကားခဲ့သည်။ ထင်ရှားသော ဂရိအတွေးအခေါ်ပညာရှင်များမှာ ဆိုကရေးတီး(Socrates)ပုံ(၆)၊ ပလေတို(Plato) (ပုံ-၇) နှင့် အရစ္စတိုတယ် (Aristotle) ပုံ(၈) တို့ ဖြစ်ကြသည်။ ဆိုကရေးတီးသည် အေသင်မြို့သား အတွေးအခေါ်ပညာရှင်ကြီးတစ်ဦးဖြစ်ပြီး ဆင်ခြင်တုံတရားနှင့် ကိုယ်ကျင့်တရားကို ဦးစားပေး၍ ဟောပြောခဲ့သည်။ ဆိုကရေးတီး၏တပည့် ပလေတိုကလည်း မည်သည့်အရာကိုမဆို စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် စူးစမ်းပြီးမှ ယုံကြည်အပ်သည်ဟု တင်ပြသည်။ အရစ္စတိုတယ်သည်လည်း ပလေတို၏ တပည့်ရင်းဖြစ်ပြီး လက်တွေ့ကို အလေးပေးသောအတွေးအခေါ်များကို တင်ပြခဲ့သည်။



ပုံ-၇ ပလေတို



ပုံ-၈ အရစ္စတိုတယ်




ပုံ-၉ ဂရိနတ်ဘုရားများ

ဂရိပြည်၌ မက်ဆီဒိုးနီးယားဘုရင် မဟာအလက်ဇန္ဒား( Alexander The Great) ကွယ်လွန်ပြီးသည်မှ စ၍နှစ်ပေါင်း ၃၀၀ ခန့်ကို ဟယ်လင်နစ်ခေတ် (Hellenic) ဟု ခေါ်သည်။ ဟယ်လင်နစ်ခေတ်ယဉ်ကျေးမှုသည် အရှေ့တိုင်းနှင့် အနောက်တိုင်း ယဉ်ကျေးမှုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဂရိတို့သည် နတ်ဘုရားအများအပြားကို ယုံကြည်ကိုးကွယ်ခဲ့ကြသည် (ပုံ-၉)။ အနောက်အာရှနှင့် အီဂျစ်တွင်ရှိသော မဟာအလက်ဇန္ဒားတည်ထောင်ခဲ့သည့်မြို့ကြီးများသည် ဂရိယဉ်ကျေးမှုထွန်းကားရာ ဗဟိုဌာနများ ဖြစ်ခဲ့သည်။

## အဓိကအချက်များ

- ဂရိကျွန်းဆွယ်သည် မြေထဲပင်လယ် အရှေ့ပိုင်းတွင် တည်ရှိသည်။
- ဂရိသမိုင်းစဉ်တွင် ဘုရင်များ အုပ်စိုးသောခေတ်၊ မြေရှင်သူကောင်းမျိုးများ အုပ်စိုးသောခေတ် နှင့် မင်းဆိုးများ အုပ်စိုးသော ခေတ်ဟူ၍ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည်။
- ဂရိကျွန်းဆွယ်တွင် မြေပြန့်နည်းပါးခြင်း၊ မြေဩဇာညံ့ဖျင်းခြင်းတို့ကြောင့် စိုက်ပျိုးရေး ကောင်းစွာ မဖြစ်ထွန်းပေ။
- ဂရိနိုင်ငံတွင် ရှည်လျားသည့် ကမ်းရိုးတန်းတည်ရှိသောကြောင့် ရေကြောင်းကုန်သွယ်ရေး ထွန်းကားခဲ့သည်။
- ဂရိတို့သည် ပင်လယ်နက်ကမ်းခြေ၊ အာရှမိုင်းနားကျွန်းဆွယ်၊ အီတလီတောင်ပိုင်းနှင့် အာဖရိကမြောက်ပိုင်း ကမ်းခြေဒေသများတွင် ကိုလိုနီနယ်များ ထူထောင်လာခဲ့သည်။
- ဂရိတို့သည် အေဂျီယန်ကျွန်းစု၊ ပင်လယ်နက်၊ စစ္စလီကျွန်း၊ ဆာဒီးနီးယား၊ စပိန်၊ ဆိုက်ပရပ်စ် ကျွန်း၊ အာဖရိကမြောက်ဘက်ကမ်းခြေတို့နှင့် အများဆုံး ကူးသန်းရောင်းဝယ်ခဲ့သည်။
- အေသင်နှင့် စပါတာမြို့ နိုင်ငံသားများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများတွင် အရေးပါခဲ့သည်။
- ဒီမိုကရေစီဟူသော ဝေါဟာရမှာ ဂရိဘာသာစကားမှ ဆင်းသက်လာပြီး ပြည်သူလူထု အုပ်ချုပ်ရေးဟု အဓိပ္ပာယ်ရသည်။
- စဉ်းစားဆင်ခြင်မှုကို အခြေပြုသော အတွေးအခေါ်များ ထွန်းကားခဲ့ပြီး အတွေးအခေါ် ပညာရှင်များလည်း ပေါ်ထွန်းခဲ့သည်။
- ဆိုကရေးတီးသည် ဆင်ခြင်တုံတရားနှင့် ကိုယ်ကျင့်တရားကို ဦးစားပေးသော အတွေးအခေါ် ပညာရှင်ကြီး ဖြစ်သည်။
- ပလေတိုကလည်း မည်သည့်အရာကိုမဆို စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် စူးစမ်းပြီးမှ ယုံကြည် အပ်သည်ဟု တင်ပြသည်။
- အရစ္စတိုတယ်က လက်တွေ့ကို အလေးပေးသော အတွေးအခေါ်များကို တင်ပြခဲ့သည်။
- ဟယ်လင်နစ်ခေတ် ယဉ်ကျေးမှုသည် အရှေ့တိုင်းနှင့် အနောက်တိုင်းယဉ်ကျေးမှုကို ပေါင်းစပ် ထားခြင်းဖြစ်သည်။

## လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဂရိမြို့ပြနိုင်ငံသားတို့သည် ဘီစီ ၈၀၀မှ ဘီစီ ၆၀၀အတွင်းတွင် --------- နယ်သစ်များ ရှာဖွေခဲ့ကြသည်။

(ခ) အေသင်မြို့နိုင်ငံသည် ဘီစီ ၈၀၀ ထိ --------- စနစ်ကို ကျင့်သုံးခဲ့သည်။

(ဂ) ဒီမိုကရေစီဟူသော ဝေါဟာရမှာ --------- ဘာသာစကားမှ ဆင်းသက်လာသည်။

(ဃ) ဂရိယဉ်ကျေးမှုကို --------- ယဉ်ကျေးမှုဟုလည်း ခေါ်ဝေါ်ကြသည်။

(င) ဂရိသမိုင်းစဉ်တွင် ပြောင်းလဲခဲ့သောခေတ် --------- ခေတ် ရှိခဲ့သည်။

၂။ ဂရိတို့သည် မည်သည့် ဒေသများနှင့် အများဆုံး ကူးသန်းရောင်းဝယ်ကြသနည်း။

၃။ ဒီမိုကရေစီဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို သင်မည်သို့နားလည်ပါသနည်း။ ဆွေးနွေးတင်ပြပါ။

၄။ ဂရိမြို့ပြနိုင်ငံနှင့် သင်လေ့လာသင်ယူခဲ့သော အခြားနိုင်ငံတစ်နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် လာပုံကို စာကြောင်း ၁၀ ကြောင်းခန့်ဖြင့် နှိုင်းယှဉ်တင်ပြပါ။

Sources by ---------

https://www.bing.com/images/search?q=Greek&FORM=HDRSC2(21.09.2018)

## ၄.၃.၂။ ရောမ

ရောမယဉ်ကျေးမှုသည် အီတလီကျွန်းဆွယ်တွင် ထွန်းကားခဲ့သည်။ အီတလီကျွန်းဆွယ်သည် ဥရောပတောင်ပိုင်းရှိ မြေထဲပင်လယ်ကို ထိုးထွက်နေသော ကျွန်းဆွယ်ကြီးဖြစ်သည် (ပုံ-၁)။




ပုံ-၁ ရောမတည်နေရာပြပုံ

ရောမမြို့သည် ဘီစီ၇၅၀ခန့်တွင် အီထရပ်စကင် (Etruscan) တို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ ဘီစီ ၅၀၉ တွင် ရောမတို့သည် အီထရပ်စကင်တို့ကို တိုက်ထုတ်ပြီး သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့ကြသည်။ ရောမတို့သည် အာဖရိကမြောက်ပိုင်းရှိ ကာသေ့ချ် (Carthage) လူမျိုးတို့နှင့် ပူးပေါင်းကာ ဂရိမြို့ပြ နိုင်ငံများကို သိမ်းပိုက်နိုင်ခဲ့ပြီး အင်အားတောင့်တင်းလာပြီးနောက် ဘီစီ ၂၆၄ ဘီစီ ၁၄၆ အတွင်း ကာသေ့ချ်တို့နှင့် သုံးကြိမ်စစ်ဖြစ်ပြီး အောင်နိုင်ခဲ့သည်။

ယင်းစစ်ပွဲများကို ပျူးနစ်စစ်ပွဲများ (Punic Wars) ဟု ခေါ်သည်။ ရောမတို့သည် ဘီစီ ၁၉၇တွင် မက်ဆီဒိုနီးယားနှင့် ဘီစီ ၁၉၀ တွင် ဆီးရီးယားတို့ကို သိမ်းပိုက်ခဲ့ပြီးနောက် ဂရိကျွန်းဆွယ်နှင့် အီဂျစ်သည် လက်အောက်ခံနိုင်ငံများ ဖြစ်လာခဲ့ပြီး ရောမတို့သည် အင်ပါယာကြီးကို တည်ထောင်နိုင်ခဲ့သည်။

ရောမနိုင်ငံသည် ဂရိမြို့နိုင်ငံငယ်များနှင့် နီးကပ်လျက်တည်ရှိရာ ရောမလူမျိုးတို့သည် အဆင့်အတန်းမြင့်လှသော ယဉ်ကျေးမှုကို ဂရိတို့ထံမှ သင်ယူခဲ့ကြသည်။ ဗိသုကာပညာတွင် အဆောက်အအုံ တည်ဆောက်ရာ၌ ဒုမ်းခေါ် အလွန်ခံ့ညားသော အမိုးခုံးကြီးများကို ရောမတို့ တည်ဆောက်နိုင်ခဲ့သည် (ပုံ-၂)။ ပန်းတမော့၊ ပန်းချီနှင့် ပန်းပုပညာတို့ကိုလည်း ရောမတို့ တတ်ကျွမ်းသည်။

ဩဂတ်စတတ်မင်း လက်ထက်တွင် ရောမမြို့သည် အလွန်လှပ တင့်တယ်ပေသည်။ လမ်းများ၊ နတ်ကွန်းများ၊ ဈေးတန်းများတွင် ကျောက်ရုပ်များကို ထုလုပ်ထားကြသည်။ အမိုးခုံးတပ်ဆင်သော အစိုးရရုံး အဆောက်အဦများနှင့် အားကစားရုံများကို ဆောက်လုပ်ကြသည်။ ထိုအဆောက်အအုံများ၏ နံရံများတွင် ပန်းချီကားများကို ရေးခြယ်ကြသည်။



ပုံ-၂ ရောမမြို့ရှိရှေးအဆောက်အအုံ တစ်ခု၏အမိုးပုံ

အထူးခြားဆုံးမှာ ရေတံလျှောက် ကျောက်မြောင်းများဖြင့် မြို့တွင်းရှိ အိမ်များကို ရေသွယ်ပေးနိုင်ခြင်း ဖြစ်သည်။ ရောမမြို့များတွင် အများသုံး ရေချိုးကန်များရှိသည်။

ရောမနိုင်ငံ၏ အရှေ့ပိုင်းဒေသတွင် ဂရိဘာသာစကားကို ပြောဆို၍ အနောက်ပိုင်းဒေသတွင်မူ လက်တင်ဘာသာစကားကို ပြောဆိုကြသည်။ သမ္မတအုပ်ချုပ်ရေးခေတ် ကုန်ခါနီးတွင် လက်တင်ဘာသာစကားနှင့်စာပေ ထွန်းကားလာသည်။ ဩဂတ်စတတ်ခေတ်တွင် ဟိုရေ့ (Horace) နှင့် ဗာဂျီ (Virgil) စသော ရောမစာဆိုတော်ကြီးများ ပေါ်ထွက်လာသည်။ ဟိုရေ့နှင့် ဗာဂျီသည် ဩဂတ်စတတ်ခေတ်နှင့် ရောမမြို့ကြီးတို့၏

ဂုဏ်ကို ချီးကျူးဖွဲ့ဆိုကြသည်။ နိုင်ငံသမိုင်းဆရာ လီဗီ (Livy)သည် ရောမနိုင်ငံသမိုင်းကို ရောမလူမျိုးများ စိတ်ဓာတ် တက်ကြွစရာ ဖြစ်လာအောင် ရေးဖွဲ့ခဲ့သည်။



ပုံ-၃ ရောမမြင်းရထားပြိုင်ပွဲ

ရောမတို့သည် မြင်းရထားပြိုင်ပွဲကိုလည်း အလွန်နှစ်သက်ကြသည် (ပုံ-၃)။ ကြီးမားသောကစားရုံများတွင် အားကစားပြိုင်ပွဲများ ကျင်းပ၍ အနိုင်ရသူအား ဆုလာဘ်ချီးမြှင့်သည်။ ရောမအိမ်ထောင်စု တစ်စု၏ အကြီးအကဲသည် ဖခင်ဖြစ်သည်။ ရောမတွင် လူတန်းစား အမျိုးမျိုးရှိသည်။ ထိုလူတန်းစားထဲတွင် ချမ်းသာကြွယ်ဝသည့် မြေပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျေးကျွန်များ ပါဝင်သည်။

ရောမလူမျိုးတို့သည် နိုင်ငံကို အုပ်ချုပ်ရာတွင် ဥပဒေပြဋ္ဌာန်း၍ အုပ်ချုပ်သည်။ သမ္မတခေတ်ဦးတွင် ပြည်သူ့အစည်းအရုံးက သက်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းသည်။ ထိုဥပဒေကို ပြည်တွင်းဥပဒေ ဆယ့်နှစ်ခန်း (Law of the Twelve Tables) ဟုခေါ်သည်။ ဥပဒေဟူသည် တိုင်းသူပြည်သားများ၏ အကျိုးအတွက်သာ ဖြစ်သင့်ဖြစ်ထိုက်သည်ဟု ရောမဥပဒေပညာရှိတို့က ယူဆကြသည်။ ဂျတ်စတီနီယန်(Justinian) မင်းလက်ထက်တွင် ရောမနိုင်ငံ၌ ပြဋ္ဌာန်းခဲ့သမျှသော ဥပဒေများကိုလည်းကောင်း၊ ထုတ်ပြန်ခဲ့သမျှသော အမိန့်တော်များကိုလည်းကောင်း ပေါင်းစည်းခဲ့သည်။ ထိုဥပဒေကို ဂျတ်စတီနီယန် ကိုဒ့်ဥပဒေ (Justinian's Code) ဟုခေါ်သည် (ပုံ-၄)။




ပုံ-၄ ဂျတ်စတီနီယန် ကိုဒ့်ဥပဒေ

ရောမတို့၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ မြေရှင်ကြီးများသည် ၎င်းတို့ပိုင် မြေကွက်များပေါ်တွင် စစ်သုံ့ပန်းများကို ကျွန်အဖြစ် အသုံးပြုကာ စိုက်ပျိုးစေသည်။ ရောမတွင် သင်္ဘောတည်ဆောက်ရေး လုပ်ငန်းတိုးတက်လာပြီး ကုန်သန်းရောင်းဝယ်ရေးများစွာ ထွန်းကားလာခဲ့သည်။ ရောမသည် နိုင်ငံခြားကုန်သည်များ၏ ဈေးကွက်အဖြစ် စည်ကားလာသည်။ ငွေကြေးလဲလှယ်ခြင်းကို အမှီပြု၍ ဘဏ်များပေါ်ပေါက်လာသည်။

ရောမခေတ်တွင် နတ်ဘုရားများကို ကိုးကွယ်ကြသည်။ ဧကရာဇ်ကိုလည်း နတ်ဘုရားအဖြစ် ကိုးကွယ်ခဲ့ကြသည်။ နတ်ဘုရားများအနက် ဂျူပီတာ(Jupiter) သည် အထင်ရှားဆုံးဖြစ်သည်။ ဘာသာရေးပွဲများကို နှစ်စဉ်ကျင်းပသည်။ ဘာသာရေးဆိုင်ရာ စည်းကမ်းများကို ထိန်းသိမ်းရန် နိုင်ငံတော်က ခန့်အပ်သော ဘုန်းကြီးများရှိသည်။

## အဓိကအချက်များ

- ရောမယဉ်ကျေးမှုသည် အီတလီကျွန်းဆွယ်တွင် ထွန်းကားခဲ့သည်။
- ဘီစီ ၅၀၉တွင် ရောမတို့သည် အီထရပ်စကင်တို့ကို တိုက်ထုတ်ပြီး သမ္မတနိုင်ငံ အဖြစ် တည်ထောင်ခဲ့ကြသည်။
- ရောမတို့သည် မက်ဆီဒိုနီးယားနှင့် ဆီးရီးယားတို့ကို သိမ်းပိုက်ပြီးနောက် ရောမအင်ပါယာကြီး ကို တည်ထောင်ခဲ့သည်။
- ရောမလူမျိုးတို့သည် အဆင့်အတန်းမြင့်လှသော ယဉ်ကျေးမှုကို ဂရိတို့ထံမှ သင်ယူခဲ့ကြ သည်။
- ဗိသုကာပညာတွင် အဆောက်အအုံ တည်ဆောက်ရာ၌ ဒုမ်းခေါ် အလွန်ခန့်ညားသော အမိုး ခုံးကြီးများကို ရောမတို့တည်ဆောက်နိုင်ခဲ့ပြီး ပန်းတမော့၊ ပန်းချီနှင့် ပန်းပုပညာတို့ကိုလည်း တတ်ကျွမ်းသည်။
- သမ္မတအုပ်ချုပ်ရေးခေတ်တွင် လက်တင်ဘာသာစကားနှင့် စာပေထွန်းကားလာသည်။
- ရောမအိမ်ထောင်စုတစ်စု၏ အကြီးအကဲသည် ဖခင်ဖြစ်သည်။
- ရောမလူမျိုးတို့သည် နိုင်ငံကိုအုပ်ချုပ်ရာတွင် ဥပဒေပြဋ္ဌာန်း၍ အုပ်ချုပ်သည်။ ပြည်တွင်းဥပဒေ ဆယ့်နှစ်ခန်းမှာ ထင်ရှားခဲ့သည်။
- ဂျတ်စတီနီယန်မင်း လက်ထက်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများ၊ အမိန့်တော်များကို ပေါင်းစည်း ပြီး ဂျတ်စတီနီယန် ကိုဒ်ဥပဒေဟုခေါ်သည်။
- ရောမတို့၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။
- ရောမတွင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း တိုးတက်လာပြီး ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများလည်း ထွန်းကားလာခဲ့သည်။
- ရောမတွင် ငွေကြေးလဲလှယ်ခြင်းကို အမှီပြု၍ ဘဏ်များပေါ်ပေါက်လာသည်။
- ဧကရာဇ်ကို နတ်ဘုရားအဖြစ် ကိုးကွယ်ခဲ့ကြသည်။

### လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ရောမယဉ်ကျေးမှုသည် ------------- ကျွန်းဆွယ်တွင် ထွန်းကားခဲ့သည်။

(ခ) ရောမတို့သည် ဘီစီ ၇၅၀ ခန့်တွင် ------------- လက်အောက်သို့ ကျရောက်ခဲ့သည်။

(ဂ) ရောမတို့သည် ဘီစီ ၁၉၇ တွင် မက်ဆီဒိုနီးယားနှင့် ဘီစီ ၁၉၀ တွင် ------------- တို့ကို သိမ်းပိုက်ခဲ့သည်။

(ဃ) ရောမလူမျိုးတို့သည် အဆင့်အတန်း မြင့်လှသော ယဉ်ကျေးမှုကို ------------- တို့ထံမှ သင်ယူခဲ့ကြသည်။

(င) ရောမတို့သည် ဗိသုကာပညာတွင် ဒုမ်းခေါ် အလွန်ခံ့ညားသော ------------- ကြီးများကိုတည်ဆောက်နိုင်ခဲ့သည်။

(စ) ရောမအိမ်ထောင်စုတစ်စု၏ အကြီးအကဲသည် ------------- ဖြစ်သည်။

(ဆ) ရောမလူမျိုးတို့သည် နိုင်ငံကိုအုပ်ချုပ်ရာတွင် ------------- ပြဋ္ဌာန်း၍ အုပ်ချုပ်သည်။

၂။ ရောမတို့၏ စာပေဗိသုကာ၊ အနုပညာလက်ရာများ အဆင့်အတန်းမြင့်မားခဲ့ပုံကို ဆွေးနွေးပါ။

၃။ ရောမတို့၏ ဂျတ်စတီနီယန် ကိုဥပဒေအကြောင်းကို ဆွေးနွေးပါ။

၄။ ရောမတို့၏ စိုက်ပျိုးရေးနှင့် ကိုးကွယ်ယုံကြည်မှုကို ဆွေးနွေးတင်ပြပါ။

၅။ ရှေးခေတ်ရောမနိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုသည် မည်သို့အကျိုးသက်ရောက်မှုရှိသည်ဟု ထင်သနည်း။ သူငယ်ချင်းများနှင့် ဆွေးနွေးတင်ပြပါ။

Sources by ---------

https://www.bing.com/images/search?q=Greek&FORM=HDRSC2 (05.10.2018)

## ၄.၃.၃။ တရုတ်ယဉ်ကျေးမှု




ပုံ-၁ ခေတ်ဦးတရုတ်တို့၏ စိုက်ပျိုးရေးလုပ်ကိုင်နေပုံ

တရုတ်နိုင်ငံသည် အာရှတိုက်၏ အရှေ့ဘက်တွင်တည်ရှိပြီး အာရှတိုက်၏ လေးပုံတစ်ပုံခန့် ကျယ်ဝန်းသည်။ တရုတ်လူမျိုးတို့၏ယဉ်ကျေးမှုသည် မြစ်ဝါမြစ်ဝှမ်းဒေသတွင် စတင်ထွန်းကားခဲ့သည်။ ဘီစီ ၁၆ရာစုမှ ဘီစီ ၁၁ရာစုအထိ ရှန်မင်းဆက်အုပ်စိုးခဲ့သည်။ ရှန်နိုင်ငံသည် မြစ်ဝါမြစ်၏ မြောက်ဘက်ကမ်းတွင်ရှိပြီး မြို့တော်မှာ အန်ယန်းမြို့ ဖြစ်သည်။

ခေတ်ဦးတရုတ်လူမျိုးတို့သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည် (ပုံ၁)။ အမဲလိုက်လုပ်ငန်း၊ တံငါလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ပိုးထည်လုပ်ငန်း တို့ကိုပါ လုပ်ကိုင်ခဲ့ကြသည် (ပုံ-၂)။

တရုတ်တို့၏ ကြွေထည်လုပ်ငန်း အတတ်ပညာသည်လည်း များစွာ ဖွံ့ဖြိုးခဲ့သည် (ပုံ-၃)။ မင်ခေတ်တွင် အနောက်တိုင်းသားတို့သည် ကြွေထည်များကို အများဆုံးဝယ်ယူခဲ့ကြပြီး ယင်းကြွေထည်များသည် ဥရောပတွင် တရုတ်ကြွေထည်ဟု ကျော်ကြားခဲ့သည်။



ပုံ-၂ တရုတ်ပိုးထည်



ပုံ-၃ တရုတ်ကြွေထည်

ဘီစီ ၂၂၁ တွင် တရုတ်ဧကရာဇ် ဖြစ်လာသော ရှီဟွမ်တီသည် လမ်းများ၊ တံတားများ တည်ဆောက်ခြင်းကို အားပေးခဲ့သည်။ တာတာ တို့၏ ရန်မှကာကွယ်ရန် တရုတ်ပြည်၏ မြောက်ဘက် နယ်နိမိတ် တစ်လျှောက်တွင် နာမည်ကျော် မဟာတံတိုင်းကြီးကို တည်ဆောက်ခဲ့သည် (ပုံ-၄)။ မဟာတံတိုင်းကြီးသည် မိုင်ပေါင်း ၁၂၅၀ ကျော်ရှိသည်။



ပုံ-၄ တရုတ်နိုင်ငံရှိ မဟာတံတိုင်းကြီး



ပုံ-၅ အစိုးရဝန်ထမ်းစာမေးပွဲဖြေဆိုရန် စောင့်ဆိုင်းနေသူများ

ဘီစီ ၁၀၀ တွင် ဟန်မင်းဆက် အုပ်စိုးစဉ် နိုင်ငံ အုပ်ချုပ်ရန် အရာရှိရွေးချယ်မှု စတင်ခဲ့သည်။ အရည်အချင်းရှိသူများ ထွက်ပေါ်လာရန် စာမေးပွဲများကို ကျင်းပခဲ့သည်။ ထိုသို့ဖြင့် အစိုးရဝန်ထမ်းစာမေးပွဲများ ပေါ်ပေါက်လာသည် (ပုံ-၅)။ တရုတ်တို့၏ အစိုးရဝန်ထမ်းစာမေးပွဲသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဖြစ်သည်။

ရှေးကတည်းကပင် ကြေးချပ်များ၊ ကြေးဝါဓားရိုးများ၊ ပုဆိန်များ၊ လိပ်ခွံများပေါ်တွင် စာပေရေးသားမှုကို တွေ့ရသည်။ မင်ခေတ်တွင် တရုတ်တို့၏ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှု တိုးတက်ခဲ့သည်။ တရုတ်တို့သည် စက္ကူပြုလုပ်ခြင်းနှင့် ပုံနှိပ်ခြင်းပညာကို စတင်အသုံးပြုလာခဲ့ကြသည်။ ယမ်းမှုန့်ကို စတင်တီထွင်ပြုလုပ်လာခဲ့ကြသည်။ တရုတ်နိုင်ငံတွင် အတွေးအခေါ်ပညာရှင်များဖြစ်သည့် လောင်ဇီနှင့် ကွန်ဖြူးရှပ်စ်တို့၏ ဟောပြောချက်များ လွှမ်းမိုးသည်။ တရုတ်လူမျိုးတို့သည် ဘိုးဘွားဘီဘင်တို့ကို ရှိခိုးပူဇော်သော အလေ့အထ ရှိခဲ့သည်။ တရုတ်လူမျိုးတို့၏ လူ့အဖွဲ့အစည်းတွင် မိသားစုသည် အရေးပါပြီး နိုင်ငံတော်ကိုလည်း မိသားစုကြီး အဖြစ် ယူဆသည်။




ပုံ-၆ တရုတ်တို့၏ ပိုးလမ်းမကြီး

တရုတ်တို့၏ ပိုးလမ်းမကြီးသည် ကမ္ဘာ့အရှေ့ဘက်ရှိ တရုတ်နိုင်ငံ ရှီအန်းမြို့မှ ကမ္ဘာ့အနောက်ဘက် မြေထဲပင်လယ်ကို ဆက်သွယ်ပေးထားသည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ပိုးထည်မှာ ကုန်သွယ်ရေး၏ အဓိကကုန်ပစ္စည်းဖြစ်သောကြောင့် ယင်းကုန်သွယ်ရေးလမ်းကြောင်းကို ‘ပိုးလမ်းမကြီး’ဟု ခေါ်သည် (ပုံ-၆)။

ယင်းပိုးလမ်းမကြီးသည် ဘီစီ ၂ ရာစုမှ ၁၄ ရာစုအေဒီကုန်အထိ အလွန်စည်ကားခဲ့သည်။ တရုတ်နိုင်ငံထုတ် ပိုးထည်နှင့်အတူ လက်ဘက်ခြောက်၊ ဆား၊ သကြား၊ ကြွေထည်နှင့် ဟင်းခတ်အမွှေးအကြိုင်တို့ကို အနောက်နိုင်ငံများသို့ အထူးသဖြင့် ရောမသို့ တင်ပို့သည်။ ထိုနည်းတူ အနောက်နိုင်ငံများ၏ ထွက်ကုန်ဖြစ်သော သိုးမွေး၊ ဆင်စွယ်၊ ရွှေနှင့်ငွေများကို အရှေ့တိုင်းနိုင်ငံများသို့ တင်ပို့ခဲ့သည်။ ပိုးလမ်းမကြီးကြောင့် ကူဗလိုင်ခန်လက်ထက်တွင် အီတလီနိုင်ငံသား မာကိုပိုလိုသည် ပိုးလမ်းမကြီးမှ တစ်ဆင့် တရုတ်နိုင်ငံသို့ရောက်

လာသည်။ အာရှတိုက်အကြောင်းကို မှတ်တမ်းရေးသားခဲ့သည်။ ထို့ကြောင့် ဥရောပတိုက်သားများသည် အာရှတိုက်အကြောင်းကို ယခင်ကထက် ပိုမိုသိရှိလာကြသည်။ မတူကွဲပြားသော အတွေးအခေါ်များ၊ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုတို့ကို ဖလှယ်ခွင့်ရခဲ့သည်။ ၁၄ ရာစုနောက်ပိုင်း ရေကြောင်းကုန်သွယ်ရေး ထွန်းကားလာသောကြောင့် ပိုးလမ်းမ၏ ကုန်သွယ်ရေးသည်လည်း တဖြည်းဖြည်း မှေးမှိန်သွားခဲ့သည်။

## အဓိကအချက်များ

- မြစ်ဝါမြစ်ဝှမ်းဒေသသည် တရုတ်လူမျိုးတို့၏ ယဉ်ကျေးမှု စတင်ထွန်းကားရာဒေသ ဖြစ်သည်။
- ခေတ်ဦးတရုတ်လူမျိုးတို့သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။
- တရုတ်ကြွေထည်များသည် ဥရောပတွင် ကျော်ကြားသည်။
- ရှီဟွမ်တီမင်းလက်ထက်တွင် မဟာတံတိုင်းကြီးကို တည်ဆောက်ခဲ့သည်။
- ကမ္ဘာပေါ်တွင် တရုတ်တို့၏ အစိုးရဝန်ထမ်းစာမေးပွဲသည် ရှေးအကျဆုံး စာမေးပွဲဖြစ်သည်။
- မင်ခေတ်တွင် တရုတ်တို့၏ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတိုးတက်ခဲ့သည်။
- တရုတ်တို့သည် စက္ကူပြုလုပ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် ယမ်းမှုန့်ပြုလုပ်ခြင်းကို စတင်ခဲ့သူများ ဖြစ်သည်။
- အတွေးအခေါ် ပညာရှင်များဖြစ်သည့် လောင်ဇီနှင့် ကွန်ဖြူးရှပ်စ်တို့၏ ဟောပြောချက်များ လွှမ်းမိုးသည်။
- တရုတ်လူမျိုးတို့သည် ဘိုးဘွားဘီဘင်တို့ကို ရှိခိုးပူဇော်သော အလေ့အထရှိခဲ့သည်။
- တရုတ်ပိုးလမ်းမကြီးသည် ကမ္ဘာ့အရှေ့ဘက်ရှိ တရုတ်နိုင်ငံ ရှီအန်းမြို့မှ ကမ္ဘာ့အနောက်ဘက် မြေထဲပင်လယ်ကို ဆက်သွယ်ပေးထားသည့် ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်သည်။
- တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ပိုးထည်မှာ ကုန်သွယ်ရေး၏ အဓိကကုန်ပစ္စည်းဖြစ်သောကြောင့် ယင်းကုန်သွယ်ရေးလမ်းကြောင်းကို 'ပိုးလမ်းမကြီး'ဟု ခေါ်သည်။
- မာကိုပိုလို၏ မှတ်တမ်းကြောင့် ဥရောပတိုက်သားများသည် အာရှတိုက်အကြောင်းကို ပိုမိုသိရှိလာကြသည်။
- ပိုးလမ်းမကြီးကြောင့် မတူကွဲပြားသော အတွေးအခေါ်များ၊ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုတို့ကို ဖလှယ်ခွင့်ရခဲ့သည်။

## လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ ကွက်လပ်ဖြည့်ပါ။

(က) တရုတ်နိုင်ငံသည် ------------- ၏အရှေ့ဘက်တွင်တည်ရှိသည်။

(ခ) တရုတ်လူမျိုးတို့၏ယဉ်ကျေးမှု စတင်ထွန်းကားရာဒေသသည် ----------- ဒေသဖြစ်သည်။

(ဂ) ခေတ်ဦး တရုတ်လူမျိုးတို့သည် ----------- လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။

(ဃ) တရုတ်ကြွေထည်များသည် ------------ တွင် ကျော်ကြားသည်။

(င) တရုတ်ပြည်၏ မြောက်ဘက် နယ်နိမိတ်တစ်လျှောက်တွင်ရှိသော မဟာတံတိုင်းကြီးကို တည်ဆောက်ခဲ့သည့် မင်းသည် ----------- ဖြစ်သည်။

(စ) ကမ္ဘာပေါ်တွင် တရုတ်တို့၏ ------------- စာမေးပွဲသည် ရှေးအကျဆုံး စာမေးပွဲဖြစ်သည်။

(ဆ) တရုတ်တို့သည် စက္ကူပြုလုပ်နည်းကို စတင်သိရှိသူများဖြစ်ပြီး ----------- ပညာကိုလည်း စတင်ခဲ့သူများ ဖြစ်သည်။

(ဇ) တရုတ်လူမျိုးတို့သည် ----------- တို့ကို ရှိခိုးပူဇော်သော အလေ့အထရှိခဲ့သည်။

(ဈ) တရုတ်နိုင်ငံတွင် လောင်ဇီနှင့် ----------- တို့၏ အတွေးအခေါ်များ လွှမ်းမိုးခဲ့သည်။

(ည) ကူဗလိုင်ခန် လက်ထက်တွင် အီတလီနိုင်ငံသား မာကိုပိုလိုသည် ----------- မှတစ်ဆင့် တရုတ်နိုင်ငံသို့ရောက်လာသည်။

(ဋ) မာကိုပိုလို၏မှတ်တမ်းများကြောင့် ဥရောပတိုက်သားများသည် ----------- အကြောင်းကို ပိုမိုသိရှိလာသည်။

၂။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) တရုတ်ယဉ်ကျေးမှုသည် မည်သည့်တိုက်၊ မည်သည့်မြစ်ဝှမ်းဒေသတွင် ပေါ်ထွန်းခဲ့သနည်း။

(ခ) ခေတ်ဦးတရုတ်လူမျိုးတို့၏ စီးပွားရေးလုပ်ငန်းများကို ဖော်ပြပါ။

(ဂ) တရုတ်တို့၏ နိုင်ငံရေးအကြောင်းကို ဆွေးနွေးပါ။

(ဃ) တရုတ်တို့၏ စာပေအနုပညာနှင့် ယဉ်ကျေးမှုသည် မည်သည့်ခေတ်တွင် တိုးတက်ခဲ့ကြောင်း တင်ပြပါ။

(င) ဥရောပတိုက်သားများသည် အာရှတိုက်အကြောင်းကို အဘယ်ကြောင့် ယခင်ကထက် ပိုမိုသိရှိလာကြသနည်း။

(စ) တရုတ်နိုင်ငံ၏ ပိုးလမ်းမကြီး ကုန်သွယ်ရေး အကြောင်းကို သင်သိသမျှ ရေးသားပါ။

Sources by ---------

https://www.bing.com/images/search?q=China&FORM=HDRSC2 (09.10.2018)

## ၄.၃.၄။ အိန္ဒိယယဉ်ကျေးမှု



ပုံ-၁ အိန္ဒိယလူမျိုးတို့၏ စိုက်ပျိုးရေးလုပ်ကိုင်နေပုံ

အိန္ဒိယနိုင်ငံသည် အာရှတိုက်၏ တောင်ပိုင်းတွင်ရှိပြီး ရှေးအကျဆုံး ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ ဘီစီ ၁၈၀၀ မှ ဘီစီ ၁၅၀၀ အတွင်း အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု ထွန်းကားခဲ့သည်။ အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခဲ့ကြောင်းကို မိုဟင်ဂျိုဒါရိုနှင့် ဟာရပ္ပမြို့ဟောင်းတို့က အထင်အရှားဖော်ပြနေသည်။ အိန္ဒုယဉ်ကျေးမှုသည် အိန္ဒုမြစ်ဝှမ်းသို့ အာရိယန်တို့ ဝင်ရောက်လာသဖြင့် ပျက်သုဉ်းခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဆန်စပါးကို ဦးစားပေး စိုက်ပျိုးသည် (ပုံ-၁)။

အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေးသည် ၈၀၀ အေဒီခန့်တွင် စတင်ထွန်းကားခဲ့သည်။ အာဖရိကမှ ရွှေ၊ ဆင်စွယ်နှင့် သံတို့ကို အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံသို့ တင်ပို့သည်။ အာရှနိုင်ငံများမှ ချည်ထည်၊ ပိုးထည် နှင့် ကြွေထည်များကို ဝယ်ယူကြသည်။ အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေးကြောင့် အာဖရိက အရှေ့ဘက်ကမ်းခြေမြို့ပြနိုင်ငံများ ချမ်းသာကြွယ်ဝလာကြသည်။




ပုံ-၂ အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်လမ်းကြောင်းပြမြေပုံ

ပေါ်တူဂီလူမျိုး သင်္ဘောကပ္ပတိန် ဗာစကိုဒဂါးမားသည် ၁၄၉၈ ခုနှစ်တွင် အာဖရိက အရှေ့ဘက် ကမ်းခြေသို့ရောက်ရှိလာပြီးနောက် အိန္ဒိယသမုဒ္ဒရာကုန်သွယ်ရေး၏ အရေးပါပုံကို သိရှိလာသည်။ ထို့ကြောင့် ပေါ်တူဂီတို့သည် အိန္ဒိယသမုဒ္ဒရာကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်သိမ်းပိုက်ရန် ကြိုးပမ်းလာကြသည် (ပုံ-၂)။ ပေါ်တူဂီတို့သည် အာဖရိက အရှေ့ဘက်ကမ်းခြေရှိ ဘန်ဒူ (ဆွာဝါဟီလီ) မြို့ပြနိုင်ငံများကို ကျူးကျော်သိမ်းပိုက်လိုက်သည်။ ဗာစကိုဒဂါးမားသည် အာဖရိကမှတစ်ဆင့် အိန္ဒိယနှင့်အာရှသို့ သွားသည့် လမ်းကြောင်းကို ရှာဖွေခဲ့သည်။ ပေါ်တူဂီတို့သည် အိန္ဒိယသမုဒ္ဒရာကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ရှေးဟောင်းအိန္ဒိယနိုင်ငံတွင် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့ကို

ကိုးကွယ်ကြသည်။ ဟိန္ဒူဘာသာသည် ဇာတ်စနစ်ကို လက်ခံကြသည်။ ဇာတ်စနစ်တွင် ဗြဟ္မဏ၊ ခတ္တိယ၊ ဝဿနှင့် သုဒ္ဒဟူ၍ လူတန်းစားလေးမျိုးရှိခဲ့သည်။ အာရိယန်လူမျိုးတို့ အိန္ဒိယသို့ဝင်ရောက်လာချိန်မှစ၍ ဇာတ်စနစ်ကိုကျင့်သုံးခဲ့သည်။ အိန္ဒိယတွင် ဘီစီ ၆ ရာစု၌ ဗုဒ္ဓဘာသာထွန်းကားခဲ့သည်။ ဗုဒ္ဓဘာသာသည် ဇာတ်စနစ်ကို လက်မခံပေ။ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများအနက် အထင်ရှားဆုံးမှာ အိန္ဒိယအလယ်ပိုင်းရှိ ဆန်ချီရွာအနီးမှ စေတီပင်ဖြစ်သည် (ပုံ-၃)။

အိန္ဒိယယဉ်ကျေးမှုသည် အရှေ့တောင်အာရှသို့ ၁ ရာစုအေဒီ သို့မဟုတ် ၂ ရာစုခန့်က ရောက်ရှိခဲ့သည်ဟု ခန့်မှန်းကြသည်။ အိန္ဒိယကုန်သည်တို့ရောက်ရှိပြီး နှစ်ပေါင်းများစွာကြာမှ အရှေ့တောင်အာရှဒေသခံတို့သည် အိန္ဒိယယဉ်ကျေးမှုကို လက်ခံကျင့်သုံးလာကြသည်။ အရှေ့တောင်အာရှတွင် အိန္ဒိယယဉ်ကျေးမှုသည် တဖြည်းဖြည်းပျံ့နှံ့ အခြေခိုင်မာလာခဲ့သည်။ အရှေ့တောင်အာရှတွင် အိန္ဒိယယဉ်ကျေးမှု ရောက်ရှိပြန့်နှံ့လာခဲ့သောနိုင်ငံများမှာ ဖူနန်၊ သီရိဝိဇယနိုင်ငံတို့ဖြစ်ကြသည်။ အရှေ့တောင်အာရှတွင် အိန္ဒိယယဉ်ကျေးမှုလွှမ်းမိုးခဲ့သော ထင်ရှားသည့် သာသနာရေးဆိုင်ရာ အဆောက်အအုံများမှာ ဂျားဗားကျွန်းရှိ ဘိုရိုဘိုဒို၊ ကမ္ဘောဒီးယားရှိ အန်ကောဝပ်တို့ ဖြစ်သည်။ အိန္ဒိယမှ မြန်မာနိုင်ငံသို့လည်း ဗုဒ္ဓသာသနာ ပျံ့နှံ့လာပြီး သရေခေတ္တရာရှိ ဘောဘောကြီး (ပုံ-၄)၊ ဘုရားကြီး၊ ဘုရားမာစေတီတို့နှင့် ပုဂံရှိစေတီ ဘုရားပုထိုးတို့မှာ ထင်ရှားသည်။



ပုံ-၃ ဆန်ချီစေတီ




ပုံ-၄ ဘောဘောကြီးစေတီ

## အဓိကအချက်များ

- ♦ အိန္ဒိယတွင် ဘီစီ ၁၈၀၀ မှ ဘီစီ ၁၅၀၀ အတွင်း အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု ထွန်းကားလာသည်။
- ♦ အိန္ဒိယနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။
- ♦ အိန္ဒိယသမုဒ္ဒရာကုန်သွယ်ရေးသည် ၈၀၀ အေဒီခန့်တွင် စတင်ထွန်းကားခဲ့သည်။
- ♦ အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေးကြောင့် အာဖရိက အရှေ့ဘက် ကမ်းခြေမြို့ပြနိုင်ငံများချမ်းသာကြွယ်ဝလာကြသည်။
- ♦ ပေါ်တူဂီလူမျိုး သင်္ဘောကပ္ပတိန် ဗာစကိုဒကားမားသည် ၁၄၉၈ ခုနှစ်တွင် အာဖရိကအရှေ့ဘက်ကမ်းခြေသို့ရောက်ရှိလာပြီးနောက် အိန္ဒိယသမုဒ္ဒရာကုန်သွယ်ရေး၏ ချမ်းသာကြွယ်ဝမှုကို သိရှိလာသည်။
- ♦ ပေါ်တူဂီတို့သည် အိန္ဒိယသမုဒ္ဒရာကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်သိမ်းပိုက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။
- ♦ ရှေးဟောင်း အိန္ဒိယနိုင်ငံတွင် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့ကို ကိုးကွယ်ကြသည်။
- ♦ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများအနက် အထင်ရှားဆုံးမှာ အိန္ဒိယအလယ်ပိုင်းရှိ ဆန်ချီရွာအနီးမှ စေတီပင်ဖြစ်သည်။
- ♦ အိန္ဒိယယဉ်ကျေးမှုသည် အရှေ့တောင်အာရှသို့ ၁ ရာစု အေဒီ သို့မဟုတ် ၂ ရာစုခန့်က ရောက်ရှိခဲ့သည်ဟု ခန့်မှန်းကြသည်။
- ♦ အရှေ့တောင်အာရှတွင် အိန္ဒိယယဉ်ကျေးမှု လွှမ်းမိုးခဲ့သော ထင်ရှားသည့်သာသနာရေးဆိုင်ရာ အဆောက်အအုံများမှာ ဂျားဗားကျွန်းရှိဘိုရိုဘိုဒို၊ ကမ္ဘောဒီးယားရှိ အန်ကောဝပ်တို့ ဖြစ်သည်။
- ♦ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ပျံ့နှံ့လာပြီး သရေခေတ္တရာရှိ ဘောဘောကြီး၊ဘုရားကြီး၊ဘုရားမာ စေတီတို့နှင့် ပုဂံရှိ စေတီဘုရားပုထိုးတို့မှာ ထင်ရှားသည်။

### လေ့ကျင့်ရန်မေးခွန်းများ

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဘီစီ ၁၈၀၀မှဘီစီ ၁၅၀၀အတွင်း ----------- မြစ်ဝှမ်းယဉ်ကျေးမှု ထွန်းကားခဲ့သည်။

(ခ) ခေတ်ဟောင်းအိန္ဒိယနိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ ----------- ဖြစ်သည်။

(ဂ) ဗုဒ္ဓဘာသာဆိုင်ရာကျောင်းတော်များအနက် အထင်ရှားဆုံးမှာ အိန္ဒိယအလယ်ပိုင်းရှိ ----------- ရွာအနီးမှ စေတီပင်ဖြစ်သည်။

(ဃ) ကမ္ဘောဒီးယားရှိ ----------- သည် ထင်ရှားသည့် သာသနာရေးဆိုင်ရာ အဆောက်အအုံဖြစ်သည်။

(င) မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာပျံ့နှံ့လာရာ ----------- မြို့ရှိ ဘောဘောကြီးစေတီသည် ထင်ရှားသည်။

၂။ အောက်ပါတို့အနက်မှ အဖြေမှန်ကို ရွေးချယ်ပါ၊

(က) အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေးကြောင့် အာဖရိက -----------ကမ်းခြေမြို့ပြနိုင်ငံများ ချမ်းသာကြွယ်ဝလာကြသည်။

(၁) အရှေ့ဘက် (၂) အနောက်ဘက် (၃) တောင်ဘက်

(ခ) ပေါ်တူဂီ သင်္ဘောကပ္ပတိန် ဗာစကိုဒကားမားသည် ----------- ခုနှစ်တွင် အာဖရိကအရှေ့ဘက်ကမ်းခြေသို့ ရောက်ရှိလာပြီးနောက် အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေး၏ ချမ်းသာကြွယ်ဝမှုကိုသိရှိလာသည်။

(၁) ၁၄၉၀ (၂) ၁၄၉၈ (၃) ၁၄၈၉

(ဂ) ပေါ်တူဂီတို့သည် ----------- သမုဒ္ဒရာကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်သိမ်းပိုက်ရန် ကြိုးပမ်းသော်လည်းမအောင်မြင်ခဲ့ပေ။

(၁) အိန္ဒိယ (၂) ပစိဖိတ် (၃) အာတိတ်

၃။ အိန္ဒိယနိုင်ငံ၏ တည်နေရာနှင့် စိုက်ပျိုးရေးလုပ်ငန်းကို ဖော်ပြပါ။

၄။ အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေးကြောင့် မည်သည့်နိုင်ငံများ ချမ်းသာကြွယ်ဝလာကြသနည်း။

၅။ ပေါ်တူဂီတို့သည် အိန္ဒိယသမုဒ္ဒရာကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ရန်ကြိုးပမ်းခဲ့ပုံကို ဆွေးနွေးပါ။

၆။ အရှေ့တောင်အာရှတွင် အိန္ဒိယယဉ်ကျေးမှု လွှမ်းမိုးခဲ့သော သာသနာရေးဆိုင်ရာ အဆောက်အအုံများကိုဖော်ပြပါ။

Sources by ---------

https://www.bing.com/images/search?q=India&FORM=HDRSC2 (12.10.2018)

## ၄.၃.၄.၁။ အန်ကောနိုင်ငံ

ယခင်အန်ကောနိုင်ငံသည် ယခုကမ္ဘောဒီယားနိုင်ငံဖြစ်သည်၊ ယသောဝါရမန်မင်းသည် အန်ကော နေပြည်တော်ကြီးကို တည်ထောင်ခဲ့သည်။ သာသနာတော်စည်ပင်ရေးအတွက် အန်ကောနေပြည်တော် တစ်ဝှမ်းတွင် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာနှင့်သက်ဆိုင်သော အဆောက်အအုံများစွာကို တည်ဆောက်ခဲ့ကြသည်။ အဆောက်အဦကြီးများမှာ အိန္ဒိယအဆောက်အဦပုံစံကို အခြေခံပြီး ခမာတို့၏ ပင်ကိုစရိုက် အစဉ်အလာတို့နှင့် ကိုက်ညီအောင် ပြုပြင်ဆောက်လုပ်ခဲ့ကြောင်း တွေ့ရသည်။



ပုံ-၁ အန်ကောဝပ်ကျောင်းတော်ကြီး

ဒုတိယသူရိယဝါရမန်မင်း လက်ထက် ၁၂ ရာစုတွင် သူရိယဝါရမန်မင်းနှင့် ခမာပြည်သူတို့ တည်ခဲ့သော အန်ကောဝပ် ကျောင်းတော်ကြီးသည် အံ့ဖွယ်ကောင်းအောင် ခမ်းနားတင့်တယ်သော ကျောင်းတော်ကြီး ဖြစ်လာသည် (ပုံ-၁)။ အဆောက်အအုံ တစ်ခုလုံး၏ အကျယ်သည် စတုရန်း တစ်မိုင်ခန့်ရှိသည်။ ကျောင်းတော်တစ်ခုလုံးကို သဲကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသည်။

လက်ရာမြောက်သော ကျောက်ရုပ်ကြွများကို စင်္ကြံလမ်း၏ နံရံများပေါ်တွင် ထွင်းထုထားသည်။ စင်္ကြံလမ်းနံရံတို့၏အရှည်မှာ မိုင်ဝက်ခန့်ပင်ရှည်လျားကြောင်းတွေ့ရသည်။ အချို့နေရာတွင် ဒုတိယ သူရိယဝါရမန်လက်ထက် ခမာပြည်သူတို့၏နေ့စဉ်သွားလာနေထိုင်ပုံကို သရုပ်ဖော်ထားသည်။ ရုပ်ကြွတို့တွင် ဝတ်ဆင်ထားသော အဆင်တန်ဆာတို့ကို လေ့လာခြင်းဖြင့် ထိုခေတ်ခမာပြည်သူတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို ခန့်မှန်းသိရှိနိုင်သည်။ ဒုတိယသူရိယဝါယမန်မင်းလက်ထက်တွင် ခမာနိုင်ငံတော် စည်ပင်တိုးတက်ခဲ့သည်။ နယ်နိမိတ်လည်း ရှေးကထက် ပိုမိုကျယ်ဝန်းခဲ့သည်။ တရုတ်နှင့် ခမာသံတမန် အဆက်အသွယ်လည်း ရှိခဲ့သည်။

သတ္တမဇယဝါရမန်မင်း လက်ထက်တွင် အန်ကောသွမ်မြို့တော်ကို တည်ခဲ့သည်။ ထို့အပြင် ဘယွန်းခေါ် အံ့ဖွယ်ရုပ်ထုကြီးဖြင့် ကျောင်းတော်ကြီး ကိုလည်း တည်ဆောက်ခဲ့သည် (ပုံ-၂)။ ဘယွန်းဆိုသည်မှာ ဦးခေါင်းပုံရုပ်ထုကြီး ဖြစ်သည်။

ဎင်းရုပ်ထုကို အလွန်ကြီးမားလေးလံသည့် ကျောက်တုံးကြီးများကို တစ်လုံးပေါ်တစ်လုံးဆင့်စီကာ ဆောက်လုပ်ပုံဖော်ထားသည်။



ပုံ-၂ ဘယွန်းရုပ်ထုကြီး

ဘယွန်းရုပ်ထု၏ အောက်ခြေတွင် ရုပ်ကြွများလည်း ထုလုပ်ထားသည်။ ထိုရုပ်ထုကိုကြည့်၍ ခမာတို့၏ အနုပညာနှင့် ဗိသုကာလက်ရာ အဆင့်အတန်းမြင့်မားပုံကို ခန့်မှန်းနိုင်သည်။

## အဓိကအချက်များ

- ယသောဝါယမန်မင်းသည် အန်ကောနေပြည်တော်ကြီးကို တည်ထောင်ခဲ့သည်။
- ဒုတိယ သူရိယဝါယမန်မင်း လက်ထက် ၁၂ ရာစုတွင် ကမ္ဘာကျော် အန်ကောဝပ်ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သည်။
- အန်ကောဝပ် ကျောင်းတော်ကြီးနံရံမှ ရုပ်ကြွတို့တွင် ဝတ်ဆင်ထားသော အဆင်တန်ဆာတို့ကို လေ့လာခြင်းဖြင့် ထိုခေတ်ခမာပြည်သူတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို ခန့်မှန်းသိရှိနိုင်သည်။
- ဒုတိယသူရိယဝါယမန်မင်းလက်ထက်တွင်တရုတ်နှင့်ခမာသံတမန်အဆက်အသွယ်ရှိခဲ့သည်။
- သတ္တမဇယဝါရမန်မင်း လက်ထက်တွင် အန်ကောသွမ်မြို့တော်ကို တည်ခဲ့သည်။
- ဘယွန်းရုပ်ထုတော်ကို ကြည့်၍ ထိုခေတ်ခမာတို့၏ အနုပညာနှင့် ဗိသုကာလက်ရာ အဆင့်အတန်းမြင့်မားပုံကို ခန့်မှန်းနိုင်သည်။

**(ဆွေးနွေးချက်ရလဒ်များကိုမှတ်စုစာအုပ်တွင်ရေးပါ)**

### လေ့ကျင့်ရန်မေးခွန်းများ

၁။ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

(က) ယသောဝါရမန်မင်းသည် ___________ နေပြည်တော်ကြီးကို တည်ထောင်ခဲ့သည်။

(ခ) ကမ္ဘာကျော်အန်ကောဝပ်ကျောင်းတော်ကြီးကို ___________ မင်းလက်ထက်တွင် တည်ဆောက်ခဲ့သည်။

(ဂ) သတ္တမဇယဝါရမန်မင်းလက်ထက်တွင် ___________ မြို့တော်ကို တည်ဆောက်ခဲ့သည်။

(ဃ) ခမာတို့၏ အနုပညာနှင့် ဗိသုကာလက်ရာ အဆင့်အတန်း မြင့်မားပုံကို ___________ ရုပ်တုကို ကြည့်၍ ခန့်မှန်းနိုင်သည်။

၂။ မှားမှန်ရောထွေး၊ အမှန်ရွေးပါ။

(က) အန်ကောဝပ်ဘုရားကျောင်းကြီးရှိ စင်္ကြံလမ်းနံရံတို့၏အရှည်မှာ ___________ ခန့်ပင်ရှည်လျားကြောင်း တွေ့ရသည်။

(၁) မိုင်ဝက် (၂) ၁မိုင် (၃) ၂မိုင်

(ခ) အန်ကောဝပ်ကျောင်းကြီးရှိ ရုပ်ကြွတို့တွင် ဝတ်ဆင်ထားသော အဆင်တန်ဆာတို့ကို လေ့လာခြင်းဖြင့် ထိုခေတ်ခမာပြည်သူတို့၏ ___________ ကို သိရှိနိုင်သည်။

(၁) စားဝတ်နေရေး (၂) ပညာရေး (၃) ဆင်ယင်ထုံးဖွဲ့မှု

(ဂ) ဘယ္ဂွန်းရုပ်ထု၏ အောက်ခြေတွင် ------------ လည်းထုလုပ်ထားသည်။

(၁) ပန်းပု (၂) ရုပ်ကြွ (၃) ပန်းချီ

၃။ အောက်ပါတို့ကို မှန်လျှင်မှန်၊ မှားလျှင်မှားဟု ရေးပါ။

(က) ပထမသူရိယဝါရမန်မင်းလက်ထက်တွင် ခမာနိုင်ငံတော် စည်ပင်တိုးတက်ခဲ့သည်။ ( )

(ခ) သတ္တမဇယဝါရမန်မင်းလက်ထက်တွင် တရုတ်နှင့်ခမာ သံတမန်အဆက်အသွယ် ရှိခဲ့သည်။ ( )

(ဂ) အန်ကောသွမ်မြို့တော်ကို ဇယဝါရမန်မင်းလက်ထက်တွင် တည်ခဲ့သည်။ ( )

၄။ အန်ကောဝပ်ကျောင်းတော်ကြီး၏ အနုပညာနှင့် ဗိသုကာလက်ရာများအကြောင်းကို စာကြောင်း ၁၀ ကြောင်းခန့် ရေးသားတင်ပြပါ။

၅။ အန်ကောယဉ်ကျေးမှု ထွန်းကားခဲ့ခြင်းကြောင့် ယနေ့ခေတ် ကမ္ဘောဒီးယားနိုင်ငံနှင့်လူ့အဖွဲ့အစည်းကို မည်သို့အကျိုးသက်ရောက်စေပါသနည်း။ အုပ်စုဖွဲ့ ဆွေးနွေးတင်ပြပါ။

Sources by ---------

https://www.bing.com/images/search?q=Angkor+wat&FORM=HDRSC2 (21.10.2018)